The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 24, NO. 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 1, 2024



## နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်လွှာ

မြန်မာတို့၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်ကူးအခါသမယသို့ မကြာမီ ရောက်ရှိတော့မည်ဖြစ်ပါသည်။ အေးမြသော အတာရေသွန်းလောင်းကာ ကြိုဆိုကြမည့် နှစ်သစ်ကူးကာလမှစတင်ကာ ကောမတ်စ်ဂျာနယ်၏ စာဖတ်ပရိတ်သတ်များ၊ စာရေးသူများ၊ ကြော်ငြာများ ထည့်သွင်းပေးပါသော စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျက်သရေမင်္ဂလာ အဖြာဖြာပြည့်စုံ၍ ကိုယ်စိတ်နှစ်ပါးအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အယ်ဒီတာအဖွဲ့

# ရောဝတီတိုင်း ရေကြည်မြို့နယ်မှ ကြိမ်၊ ဝါး လက်မှုအချောထည် လုပ်ငန်းများ

စာမျက်နှာ - 21 ➤









## စားသီးဈေး မြင့်တက်ခြင်း မဖြစ်စေလိုပါ

စာမျက်နှာ - 8 ➤

## အာဆီယံ ကုန်သွယ်ရေး မူဝါဒနှင့် စီးပွားရေး ဖွံ့ဖြိုးမှု အခြေအနေ

စာမျက်နှာ - 17 ➤

## ဗီယက်နမ်နိုင်ငံ UPCOM စတော့ဈေးကွက်

စာမျက်နှာ - 25 ➤




# ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန် ပိုးသတ်ဆေးကြွင်း အမြင့်ဆုံးကန့်သတ်ချက်များအကြောင်း သိကောင်းစရာ

ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန် ပိုးသတ်ဆေးကြွင်း အမြင့်ဆုံးကန့်သတ်ချက်များ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို မတ်လ ပထမပတ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ဂျပန်စင်တာ AJC centre တို့ပူးပေါင်း၍ AJC ၏ ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ် စွမ်းဆောင်ရည်မြှင့်တင်ရေး ရန်ပုံငွေဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံ-ဂျပန်စင်တာမှ စီမံကိန်းတာဝန်ခံဒါရိုက်တာ၊ ဂျပန် ပဲအသင်းမှ ဒါရိုက်တာ မစ္စတာ ယာမာမိုတိုရှင်းယာ (Mr. Yamamoto Shinya)၊ အာဆီယံ-ဂျပန်စင်တာမှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါက်တာနုယင်တွမ်အန်း (Dr. Nguyen Tuan Anh)၊ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များ နှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက Quality Marketဖြစ်သော ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများအပြင် အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုပါ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသို့ ပဲမျိုးစုံ တင်ပို့မှုအနေဖြင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ၁၁၆၀၈ ဒသမ ၁၈၃ တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (ဧပြီလမှ ဇန်နဝါရီလ ၁၂ ရက်အထိ) တွင် ၁၉၃၆၅ ဒသမ ၃၉၅ တန်အထိ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း အဓိကအားဖြင့် ပဲတီစိမ်း၊ ထောပတ်ပဲနှင့် မတ်ပဲတို့ကို အများဆုံး တင်ပို့လျက်ရှိကြောင်း၊ နိုင်ငံအလိုက် နည်းပညာဆိုင်ရာ လိုအပ်ချက် (Technical Requirements) အမျိုးမျိုးရှိသည့်အတွက် Quality Market များ အပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့ရာတွင် သတ်မှတ်ထားသော နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ဈေးကွက်တည်မြဲရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့သည့် ထောပတ်ပဲနှင့် ပဲတီစိမ်းအချို့တွင် သိုင်ယာမီသိုဇင် (Thiamethoxan) ကဲ့သို့သော ပိုးသတ်ဆေးကြွင်းနှင့် သိုလှောင်စဉ် သဘာဝအလျောက် ဖြစ်ပေါ်သော စိုင်ယာနိုက် (Cyanide) ပမာဏသည် ဂျပန်နိုင်ငံ၏ သတ်မှတ်ချက်ထက်ကျော်လွန်ခဲ့၍ ပို့ကုန်များကို လက်မခံခြင်း (သို့မဟုတ်) ပြန်လည်တင်ပို့ခံရခြင်းများ ကြုံတွေ့ရလျက်ရှိကြောင်း၊ ထိုသို့သော ဖြစ်စဉ်များသည် ၂၀၂၁ ခုနှစ်တွင် ၁၄ ကြိမ်၊ ၂၀၂၂ ခုနှစ်တွင် ငါးကြိမ်၊ ၂၀၂၃ ခုနှစ်တွင် နှစ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး သက်ဆိုင်ရာကုမ္ပဏီ၏ ဆုံးရှုံးမှုနှင့်အတူ မြန်မာ့ပဲအမျိုးမျိုး၏ ဂုဏ်သိက္ခာနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်လျက်ရှိကြောင်း၊ ထိုသို့သော ဖြစ်ပေါ်မှုများကို လျှော့ချဖြေရှင်းနိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ သွင်းကုန်ဆိုင်ရာ အခြေအနေများ၊ ပိုးသတ်ဆေးကြွင်းဆိုင်ရာ ကန့်သတ်ချက်များ၊ စံချိန်စံညွှန်းများနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေနှင့် သတ်မှတ်ချက်များကို အချိန်နှင့်တစ်ပြေးညီသိရှိရန် လိုအပ်သော ကြောင့် ဝယ်လက်နိုင်ငံမှ ပညာရှင်များကို ဖိတ်ခေါ်ပြီး ယခုကဲ့သို့ အသိပညာမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က အွန်လိုင်းမှတစ်ဆင့် ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားခဲ့ပြီး အာဆီယံ-ဂျပန်စင်တာမှ စီမံကိန်းညှိနှိုင်းရေးမှူး Dr Nguyen Tuan Anh က အာဆီယံ-ဂျပန်စင်တာ ဦးတည်ချက်များ အနက်တစ်ခုဖြစ်သည့်မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံသူ၊ နိုင်ငံသားများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ကဏ္ဍကြီးငါးရပ်တွင် အားဖြည့်ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ကုန်သွယ်မှုတွင် အရည်အသွေးပြည့်မီရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကိစ္စများသည် အပြောလွယ်သော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများရှိသည်ကို နားလည်သဘောပေါက်ကြောင်း၊ ထို့ကြောင့် နည်းပညာဆိုင်ရာလိုအပ်ချက်များ၊ အတားအဆီးများကို အတူတကွ ဖယ်ရှားနိုင်ရန် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်က မြန်မာ့ပဲမျိုးစုံထုတ်လုပ်မှုနှင့် ဂျပန်နိုင်ငံသို့ တင်ပို့စဉ် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဂျပန်ပဲအသင်းရှိ စိုက်ပျိုးရေးနှင့် သုတေသနဌာနမှ ဒါရိုက်တာ Mr. Yamamoto Shinya က ဂျပန်နိုင်ငံ၏ ပဲစားသုံးမှု၊ ပိုးသတ်ဆေး အသုံးပြုမှုအခြေအနေများကိုvideo script ၊ Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**CTQM**

# တရုတ်နိုင်ငံ ဆန်တင်သွင်းမှု မြင့်တက်ရန်ရှိ

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်မှုနှင့် အရည်အသွေး မြင့်မားသော ဆန်များကို ပိုမိုဦးစားပေးလာမှုတို့ကြောင့် ထိုင်းနိုင်ငံသည် ဟောင်ကောင်နှင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ယခုနှစ်တွင် မြင့်တက်လာနိုင်ရန် မျှော်လင့်လျက်ရှိသည်။

ထို့အပြင် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံ ရှန်ဇန်မြို့တွင် ဆန်ဖြန့်ဖြူးရေးစင်တာထူထောင်ရန် အလိုရှိလျက်ရှိသည်။ ဟောင်ကောင် ဆန်ကုန်သည်အသင်း ဥက္ကဌ China Mercbents Godown, Wharf & Transportation Company မှ အလုပ်အမှုဆောင်အဖွဲ့ဝင်တို့နှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးအပြီးတွင် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ထိုင်းနိုင်ငံတွင် ဆန်ဝယ်ယူမည့် ဖောက်သည်အုပ်စုအားလုံးအတွက် ဆန်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်အောင်ဖန်တီးမည့် မူဝါဒရှိနေပြီး ထိုင်းဆန်သည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် ထိန်းသိမ်းနည်း အဆင့်အတန်းလည်း ရှိနေကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင်သည် ယခုနှစ်တွင် ထိုင်းနိုင်ငံမှ စံပါယ်ဆန်မွှေးတန်ချိန် ၁၈၀၀၀၀ ဝယ်ယူရန် စီစဉ်ထားပြီး လွန်ခဲ့သည့် နှစ်ကထက် တန်ချိန် ၃၀၀၀၀ တိုးမြှင့်ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးသည် ထိုင်းစံပါယ်ဆန်မွှေး တင်သွင်းသူများနှင့် တွေ့ဆုံခဲ့ပြီး ရှန်ဇန်မြို့တွင် ဖြန့်ဖြူးရေးစင်တာ တည်ထောင်ရန် စိတ်ဝင်စားမှု ပြသခဲ့သည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း စင်တာအတွက် မြေငှားရမ်းရန်ကိစ္စနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံအစိုးရနှင့် ဆွေးနွေးပေးသွားရန် အသင့်ဖြစ်နေသည်။



ဟောင်ကောင်သည် ထိုင်းနိုင်ငံအတွက် အမေရိကန်နှင့် တရုတ်နိုင်ငံပြီးနောက် တတိယမြောက် အကြီးမားဆုံး ထိုင်းစံပါယ်ဆန်မွှေး တင်သွင်းသူဖြစ်သည်။ ထိုင်းနိုင်ငံအစိုးရသည် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**Source : Bangkok Post**
**မြသူ (DOCA YGN)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
ခင်သက်ထား
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
သန့်စင်မင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မတ်လအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် တစ်သိန်းခြောက်သောင်းနီးပါး တင်ပို့

**ဆန်**

မတ် ၁ ရက်မှ ၂၂ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂၃၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၇၃၄၈၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၂၉၁၀၀ ကျော်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၆၉၅၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၁၇၄၀၀ ကျော် တင်ပို့ခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တင်ပို့မှုမှာ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၃၀၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၈၈၃၀၊ ချက်သမ္မတနိုင်ငံသို့ ဆန် ၁၈၀၈ တန်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၁၈၇၀၊ နယ်သာလန်နိုင်ငံသို့ ဆန် တန်ချိန် ၁၁၆၀၊ ဘူလ်ဂေးရီးယားနိုင်ငံ ဆန်တန်ချိန် ၅၅၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ လစ်ဗျားနိုင်ငံသို့ ဆန် ၂၇၅ တန်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန် ၂၇၅ တန်၊ ဂရိနိုင်ငံ သို့ ဆန်တန်ချိန် ၂၅၀၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ နှင့် ပြင်သစ်နိုင်ငံသို့ ဆန်တန်ချိန် အနည်းငယ်တင်ပို့ခဲ့သည်။

အာရှနိုင်ငံများသို့ ဆန်တင်ပို့မှုမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၈၂၅၀၊ မလေးရှားနိုင်ငံသို့ ဆန် ၄၉၇၅ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၀၀၊ အရှေ့တီမောနိုင်ငံသို့ ဆန် ၁၂၄၈ တန်၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၉၁၀၊ ဟောင်ကောင်သို့ ဆန် ၂၀၉ တန်၊ ဩစတြေးလျနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ဆန်အနည်းငယ် တင်ပို့ခဲ့သည်။ အာဖရိကနိုင်ငံများဖြစ်သော ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၁၁၅၈၀ ကျော်၊ မိုဇမ်ဘစ်နိုင်ငံသို့ ဆန် တန်ချိန် ၅၁၉၀ ကျော်နှင့် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၆၂၀ ကျော်တင်ပို့ကြောင်း သိရသည်။

မတ် ၁ ရက်မှ ၂၂ ရက်ထိ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၉ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၉၂၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ စုစုပေါင်း ဆန်တင်ပို့မှုတန်ချိန် ၇၄၄၀၀ ကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၇၉၅ သန်းရရှိကြောင်း သိရသည်။

**ဆန်ကွဲ**

မတ် ၁ ရက်မှ တတိယပတ်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆၇၅ သန်း ကျော် တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၈၃၆၆၀ တင်ပို့ကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၅၂၄၀၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၁၀၄၀ ကျော် တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၆၀၀၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၀၀၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲ ၃၅၅၂၈ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၇၇၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၅၀၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀ နှင့် ချက်သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၀ တင်ပို့ပြီး အာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၁၇၇၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၃၇၉၆ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲ ၃၂၇၆ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၈၀၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၁၂၀ ကျော်တင်ပို့ပြီး အာရပ်စော်ဘွားများနိုင်ငံသို့ ဆန်ကွဲ ၂၀၈ တန်ကျော် တင်ပို့ခဲ့သည်။

မတ်လ ၁ ရက်မှ ၂၂ ရက်ထိ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၂ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၁၂၀ ခန့် တင်ပို့နိုင်သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၈၄၇၈၀ နှင့် အမေရိကန်ဒေါ်လာ တန်ဖိုး ၃၆ ဒသမ ၁၅၇ သန်း ရရှိခဲ့သည်။ မတ်လအတွင်း ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၁၅၉၁၈၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

**DAAT**

| အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ (၁-၄-၂၀၂၄) | ထိုင်း | | | ဗီယက်နမ် | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၆၂၂ | ၆၁၅ | ↓ | | | | | | |
| ဆန်ဖြူ ၅ % | ၆၀၈ | ၆၀၁ | ↓ | ၆၀၄ | ၅၈၆ | ↓ | ၆၁၃ | ၆၀၉ | ↓ |
| ဆန်ဖြူ ၁၀% | ၇၄၃ | ၇၃၄ | ↓ | | | | | | |
| ဆန်ဖြူ ၂၅ % | ၅၈၀ | ၅၇၂ | ↓ | ၅၈၀ | ၅၆၂ | ↓ | ၅၆၈ | ၅၆၂ | ↓ |
| ပေါင်းဆန် | ၆၁၉ | ၆၀၆ | ↓ | | | | | | |

| ပြည်တွင်းမြို့ကြီးများ၏ (၁-၄-၂၀၂၄) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| မြို့ | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်ပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်ပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်ပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်ပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၂၁၀၀၀ | - | ၇၈၀၀၀ | - | | | ၁၂၀၀၀ | - |
| ပဲခူး | | | | | | | | |
| စစ်တွေ | ၁၇၉၀၀ | - | ၁၃၂၀၀၀ | - | ၂၄၀၀၀ | - | ၁၉၂၀၀၀ | - |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၂၂၀၀၀ | - | ၈၇၅၀၀ | - | | | ၁၆၂၀၀၀ | - |
| မန္တလေး | ၂၄၀၀၀ | - | ၉၀၀၀၀ | - | | | ၁၆၅၀၀၀ | - |
| မကွေး | ၂၂၀၀၀ | ↑ | ၈၀၀၀၀ | ↑ | | | ၁၅၅၀၀၀ | - |
| မြိတ် | ၁၉၅၀၀ | - | ၉၆၀၀၀ | - | | | ၁၄၈၀၀၀ | - |
| ဘားအံ | ၂၃၀၀၀ | - | ၈၅၀၀၀ | - | | | ၁၂၄၈၀၀ | ↓ |

# ပြည်ခရိုင်တွင် နွေစပါးများ စတင်စိုက်ပျိုး

ပြည်ခရိုင်တွင် ဖေဖော်ဝါရီလမှစ၍ နွေစပါးများ စတင်စိုက်ပျိုးနေပြီဖြစ်သည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပြည်ခရိုင်အနေဖြင့် ဖေဖော်ဝါရီလ ကုန်အထိ နွေစပါးစိုက်ပျိုးဧကမှာ ၁၈၉၈၈ဧက ဖြစ်၍ ပြည်မြို့နယ်တွင် ၁၁၃၄၄ဧက၊ ပေါက်ခေါင်းမြို့နယ်တွင် ၂၄၆၂ဧက၊ ပန်းတောင်းမြို့နယ်တွင် ၃၀၂ဧက နှင့် ရွှေတောင်မြို့နယ်တွင် ၂၄၆၂ဧက စိုက်ပျိုးထားရှိပြီးဖြစ်သည်။

နွေစပါးကို ပြည်ခရိုင်၌ ဖေဖော်ဝါရီတွင် စတင်စိုက်ပျိုးပြီး ဆည်ရေရ စောသောနေရာများတွင် ဦးစွာစိုက်ပျိုးကြပြီး၊ ဆည်ရေနောက်ကျမှရရှိသော နေရာများတွင် နောက်ကျပြီး စိုက်ပျိုးကြသည်။

နွေစပါး ပေါ်စအချိန်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၁ သိန်းဖြင့် ဈေးစတင်ဖွင့်လှစ်ခဲ့ပြီး စပါးများ အထွက်လိုင်ချိန်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်း အထိ ဈေးရှိခဲ့သည်။

ယခုကဲ့သို့ နွေစပါးများ အထွက်နှုန်းကောင်းလာရခြင်းမှာ တောင်သူများ စိုက်ပျိုးစနစ်မှန်ကန်လာခြင်း၊ မိမိတို့စိုက်ပျိုးသည့် သီးနှံတိုင်းတွင် ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်နိုင်ခြင်း၊ မြေယာထုတ်လုပ်မှုစွမ်းအား တိုးတက်လာခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရသည်။

**ဝေဝေမင်း(ပြည်)**

# ပခုက္ကူမြို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်နေ



ပခုက္ကူမြို့သည် စပါးစိုက်ဧကနည်းပြီး ဆန်လိုဒေသ ဖြစ်သောကြောင့် အခြားတိုင်းဒေသကြီးများနှင့် မြို့နယ်များမှ ဆန်တင်သွင်းရသော မြို့ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးများဖြစ်သော ပုသိမ်၊ မြောင်းမြမြို့များမှ ရေလမ်းကြောင်းမှ အများဆုံးဝင်ရောက်ပြီး ရွှေဘိုခရိုင်၊ ဆင်ဖြူကျွန်း၊ စလင်းဒေသများမှလည်း နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

ယခုအချိန်တွင် ပခုက္ကူဒေသ၌ ဆန်အသစ်များ ဝင်ရောက်လျက်ရှိပြီး မတ်လ ပထမပတ်၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများသည် ယခု မတ်လ စတုတ္ထပတ်ထိ ဈေးငြိမ်နေသည်ကို တွေ့ရှိရသည်။ အများသုံးဆန်ဖြစ်သော မြောင်းမြ ဧရာပဒေသာဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ စလင်းမြို့နယ် ရွာက်တောမှလာသော ဧရာပဒေသာဆန်(အသစ်) တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ ရှိသည်။ ဧည့်မထဆန်မျိုးဖြစ်သော ချန်ဧရာ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ မနောဖြူ(အသစ်)တစ်အိတ်လျှင် ကျပ် ၁၁၂၀၀၀၊ နေလဆန် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ဝန်ကြီးပဒေသာ ဆန်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ ၊ ဧရာမင်းဆန်(ရှယ်)တစ်အိတ်လျှင် ကျပ် ၁၁၂၀၀၀၊ မနောသုခ(အသစ်) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ချန်သုခ(အသစ်) တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ နေလ ဧရာပဒေသာဆန်(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ ဖြင့် နေလ ၂၂ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ မိုးဇလပ် (နွေဆန်အသစ်) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ နွေဇလပ် (အသစ်) တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ဇီယာဆန် (အသစ်) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ပွင့်ဖြူသစ်(မနောဖြူအသစ်) တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ အောင်သုခ (အသစ်) ကျပ် ၉၅၀၀၀ ဈေးဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကောက်ညှင်းဆန်(အသစ်) တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ဈေးတည်ငြိမ်နေကြောင်း သိရသည်။

ဧရာဝတီဘက်မှ ဝင်ရောက်လာသော ဆန်များမှာ ပြည်သူများ စားသုံးနိုင်ရန် သင့်တင့်သော ဈေးနှုန်းရှိသောကြောင့် အရောင်းအဝယ်ပိုဖြစ်ကြောင်း သိရသည်။

**စန်းမြင့်ရီ(ပခုက္ကူ)**

# မကွေးတိုင်းဒေသကြီးမှ ပဲဈေးကွက်

**ကုလားပဲ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်၌ နှမ်း၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ မြေပဲ၊ ပဲစင်းငုံ၊ နေကြာ၊ ပြောင်း၊ ဝါ၊ ကြက်သွန်နီနှင့် အခြားသီးပင်စားပင်များ စိုက်ပျိုးထွက်ရှိပြီး ဆောင်းသီးနှံကုလားပဲမှာ ၂၀၂၃-၂၀၂၄ဘဏ္ဍာ နှစ်အတွက် စိုက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

အထက်မင်းလှမြို့ ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာတွင် ကုလားပဲစိုက်တောင်သူ ၅၀ ဦးခန့်ရှိပြီး စိုက်ဧက မှာ ၃၀၀ ဧကဝန်းကျင်စိုက်ပျိုးထားကြောင်း၊ မျိုးအနေဖြင့် ရေဆင်း-ခြောက်မျိုးကို အများဆုံးစိုက်ပျိုးပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စိုက်ပျိုးသော ဆောင်းသီးနှံ ကုလားပဲကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်ရိတ်သိမ်းလျက်ရှိပြီး မတ်လ စတုတ္ထပတ် အပြီးရိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်က တစ်တင်းလျှင် အမြင့်ဆုံးဈေး ကျပ် ၆၀၀၀၀ ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဈေးနှုန်းအနေဖြင့် ကုလားပဲ စတင်ရိတ်သိမ်းချိန် ဖေဖော်ဝါရီလ တတိယပတ်မှ ဖေဖော်ဝါရီလစတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဈေးရရှိပြီး ထွက်ရှိသည့် ကုလားပဲများကို အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ ရောင်းချကြောင်း၊ ယခုနှစ်တွင်မူ ပို၍ဈေးကောင်းရရှိသောကြောင့် ကုလားပဲစိုက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

**ကုလားပဲ**

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင် စိုက်ပျိုးထားရှိသည့် ကုလားပဲများ စတင်ရိတ်သိမ်း ခြွေလှေ့ရောင်းချလျက်ရှိရာ ဈေးနှုန်းကောင်းမွန်သဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ပြီး ဟော်လန်ကုလားပဲ(ခေါ်) အလုံးကြီးမျိုးများကို အများအပြား စိုက်ပျိုးကြပြီး ကုန်စည်ဒိုင်တွင် ယခင်နှစ်ကထက် ယခုနှစ်တွင် ကုလားပဲစိုက်ပျိုး တောင်သူများ ဈေးကောင်းပိုမိုရရှိသည်။ ၂၀၂၃ ခုနှစ် မတ်လ စတုတ္ထပတ်တွင် ဟော်လန် ကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၇၂၀၀၀၊ ဗမာကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၆၈၀၀၀ နှင့် ၂၀၂၄ခုနှစ် မတ်လ စတုတ္ထပတ်တွင် ဟော်လန်ကုလားပဲ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၇၉၀၀၀၊ ဗမာကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၇၇၀၀၀ တို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကာလတူ နှိုင်းယှဉ်ပါက ယခုနှစ် မတ်လ စတုတ္ထပတ်တွင် ဟော်လန်ကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၇၀၀၀၊ ဗမာကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၉၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရှိရသည်။

**ပဲကြီး**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် ဘွဲ့ကျေးရွာအုပ်စုရှိ ညှင်းသွန်း၊ ကွန်းသွန်း၊ ဘွဲ့၊ ဇီးတော၊ မင်းဂံ စသည့် ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး ဇီးတောကျေးရွာ၌ ဆောင်းသီးနှံအဖြစ် ပဲကြီးသီးနှံကို စိုက်ပျိုးကြောင်း သိရှိရသည်။ ဇီးတောကျေးရွာ၌ ပဲကြီးစိုက်တောင်သူ ၁၀ ဦးခန့်ရှိပြီး စိုက်ဧကမှာ ၁၀ ဧကဝန်းကျင်ခန့်ရှိကြောင်း၊ တစ်ဧကလျှင် ပဲကြီးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ စတုတ္ထပတ်နှင့် နိုဝင်ဘာလ ပထမပတ်တို့တွင် စတင်စိုက်ပျိုးပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ခူးဆွတ်ရကြောင်း၊ ပဲကြီးမှာ ပိုးကြိုက်သောသီးနှံဖြစ်၍ စိုက်ပျိုးစဉ်တစ်လျှောက် ပိုးသတ်ဆေး၊ အားဆေးသုံးကြိမ်စီ ပက်ဖျန်းပေးရကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်က အဖွင့်ဈေးတွင် တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ထိဈေးရရှိခဲ့ပြီး ယခုနှစ်တွင် ပဲကြီးပေါ်စအချိန် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ခန့်သာရရှိကြောင်း၊ ယခု မတ်လ စတုတ္ထပတ်တွင် ပဲကြီးဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၈၀၀၀၀ ခန့်ရရှိကြောင်း၊ ယခုနှစ်တွင်မူ ဈေးနှုန်းမှာ အရ နည်းပါးကြောင်း၊ ထွက်ရှိသည့်ပဲကြီးများကို အထက်မင်းလှမြို့ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

**ပဲကြီး**

သရက်ခရိုင် သရက်မြို့နယ် ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော စခန်းကြီး၊ တောင်ဘော၊ မြောက်ဘော၊ ကွမ်းအုံ၊ ရေဘွတ်၊ ဘော်၊ အင်းလယ်၊ မိုးနတ်ကုန်း၊ တဇီးကောက် စသည့် ကျေးရွာများမှ ပဲကြီးသီးနှံများ လှိုင်လှိုင်ပေါ်ထွက်လျက်ရှိရာ မတ်လ တတိယပတ်တွင် ပဲကြီး ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ဈေးဖြင့် ဝင်ရောက်လျက်ရှိပြီး မတ်လ စတုတ္ထပတ်တွင် ကျပ် ၁၂၇၅၀၀ - ၁၃၅၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၇၅၀၀ ဈေးအနိမ့်ဖြင့် တစ်နေ့လျှင် အိတ်ရေ ၁၅ မှ ၂၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**မတ်ပဲ**

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင် မတ်ပဲစိုက်ဧက ၅၃၁၁ ဧကစိုက်ပျိုးကြောင်း၊ သဖန်းကုန်းကျေးရွာ၊ ပျဉ်းမကျေးရွာ၊ ချောင်းနက်ကျေးရွာ၊ အင်းကုန်းကျေးရွာတို့တွင် မတ်ပဲများ စိုက်ပျိုးလျက်ရှိပြီး မြို့ပေါ်ရှိ ကုန်စည်ဒိုင်နှင့် ပွဲစားကုန်သည်ထံသို့ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

တောင်တွင်းကြီးမြို့ ကုန်စည်ဒိုင်တွင် ယခင်ကနှစ်ထက် ယခုနှစ်တွင် မတ်ပဲဈေးကောင်း ပိုမိုရရှိသည်။ ၂၀၂၃ ခုနှစ် မတ်လ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၆၄၀၀၀ ဖြစ်ပြီး ၂၀၂၄ ခုနှစ် မတ်လ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၈၉၀၀၀ ဖြစ်၍ ကာလတူနှစ်နှစ်ကို နှိုင်းယှဉ်ပါက ယခုနှစ် မတ်လ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဈေးတက်ကာ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မြေပဲ**

သရက်ခရိုင် ကံမမြို့နယ်တွင် မြေပဲသီးနှံများလည်း လှိုင်လှိုင်ပေါ်ထွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် မတ်လ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၅၅၀၀ ဈေးဖြင့် တစ်နေ့လျှင် ပိဿာ ၈၀ မှ ၁၀၀ အတွင်း ဝင်ရောက်လျက်ရှိကြောင်း၊ ပဲကြီးသီးနှံမှာ မတ်လ တတိယပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုမတ်လ စတုတ္ထပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၂၇၅၀၀ ဈေးဖြင့် ဝင်ရောက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရသည်။

**နှင်းလွင်ဦး၊ ဌေးဌေး၊ နွဲ့ယဉ်ဝင်း**

# ပြည်ဈေးကွက်တွင် မြေပဲဆန်နှင့် မန်ကျည်းမှည့် ဈေးအနည်းငယ် မြင့်တက်လာ

ပြည်ဈေးကွက်တွင် မတ်လနောက်ဆုံးပတ်တွင် မြေပဲဆန်ဈေးများ ကျဆင်းလာခဲ့သည်။ ကံမနှင့်ရွှေတောင်ကျွန်းတဲဘက်မှ ဆောင်းမြေပဲဆန်များကို တစ်နေ့လျှင် ပိဿာ ၂၀ ဝင် အိတ် ၁၀၀၀ခန့် ပြည်ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်အေးနေသည်။ နယ်ဝယ်လက်များ ဝယ်ယူမှုမရှိဘဲ ဒေသတွင်းဆီစက်သမားများ မြေပဲလှော်သမားများက ဝယ်ယူမှုရှိသည်။

ဈေးနှုန်းအနေဖြင့် ယခုမတ်လ နောက်ဆုံးပတ်တွင် မြေပဲဆီကြိတ်ဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ ဆီကြိတ်ဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၇၃၀၀ နှင့် မြေပဲလုံးဆန် (အဖြူ) တစ် ပိဿာလျှင် ကျပ် ၇၅၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မတ်လ နောက်ဆုံးပတ်တွင် နယ်ဝယ် လက်အဝယ် အေးသွားသော်လည်း ဆီစက်လုပ်ငန်းရှင်များ နှင့် မြို့တွင်းအဝယ်ရှိ၍ ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာခဲ့သည်။

ပြည်ဈေးကွက်တွင် မတ်လ နောက်ဆုံးပတ်တွင် မန်ကျည်းမှည့်ဈေးများ မြင့်တက်လာခဲ့သည်။ မန်ကျည်းမှည့်မှာ ယခုလိုနွေရာသီအချိန်တွင် လူနှင့်တည့်၍ ဆေးအဖြစ် စားသုံးကြသလို ဟင်းချက်၍လည်း စားသုံးကြသဖြင့် အိမ်တိုင်းလိုလို မန်ကျည်းမှည့်ကို ဆောင်ထားကြသည်။ ယခုနှစ် မန်ကျည်းမှည့်ရာသီတွင် ဈေးများ မြင့်တက်လာသည်။ ယခုနှစ် မန်ကျည်းမှည့် ရာသီချိန် အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ အစေ့မပါ တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဖြင့် ရောင်းချကြသည်။ ယခင်နှစ်တွင် မန်ကျည်းမှည့်ဈေးမှာ အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှင့် အစေ့မပါ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဖြင့်ရောင်းချခဲ့သည်။ မန်ကျည်းမှည့်မှာ ယခုအချိန်တွင် ထွက်ရှိမှုနည်း၍ ဝင်ရောက်မှုနည်းသွားသဖြင့် ဈေးနှုန်းများ မြင့်တက်လာသည်ကို သိရသည်။

**ဝေဝေမင်း(ပြည်)**

# ပခုက္ကူကုန်စည်ဒိုင်တွင် မတ်လ(စတုတ္ထပတ်) ပဲမျိုးစုံနှင့် အာလူးဈေးကွက်



ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်သည် ပဲမျိုးစုံဖြစ်သော ကုလားပဲဖြူလုံးကြီး၊ ကုလားပဲ ဝါ၊ ကုလားပဲဝါလုံးကြီးနှင့် စွန်တာနီ၊ ပဲလွန်းပြာ၊ ထောပတ်ပဲ၊ CPနှင့် ပဲနီပြား အမျိုးမျိုး စိုက်ပျိုးထွက်ရှိလျက်ရှိသည်။

ကျွန်းဦး၊ ကျွန်းညို၊ မြင်းကျွန်း၊ ဘောလုံးခုံနှင့် ပခုက္ကူကျွန်းများတွင် ကုလားပဲမျိုးစုံနှင့် ပဲနီပြားများကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပခုက္ကူကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်သာမက မြိုင်၊ ရေစကြိုကျွန်းများနှင့် အခြားနယ်များမှလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

မတ်လ ပထမပတ်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ကုလားပဲသုံးမျိုး၏ ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(V2) တစ်တင်းလျှင် ကျပ် ၇၃၇၀၀၊ ကုလားပဲဖြူလုံးကြီး(V6) တစ်တင်းလျှင် ကျပ်၇၈၂၀၀၊ ကုလားပဲဝါ(HL) တစ်တင်းလျှင် ကျပ် ၇၈၅၀၀၊ ကုလားပဲဝါ လုံးကြီး(929) တစ်တင်းလျှင် ကျပ် ၇၅၆၀၀၊ စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ်၄၇၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၅၉၀၀၀၊ CP တစ်တင်းလျှင် ကျပ် ၁၅၈၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

ပခုက္ကူခရိုင် အားလူစိုက်ပျိုးရာ နေရာဒေသများဖြစ်သော ကမ္မ၊ မြစ်ခြေ၊ ပေါက်နယ်များတွင် အာလူးကိုတစ်ကွင်းတစ်စပ် ရေသွင်းစိုက်ပျိုးကြသည်။ အာလူးများကို တန်ဆောင်မုန်းလဆန်းတွင် စတင်စိုက်ပျိုးကြပြီး တပို့တွဲလကုန် တပေါင်းလဆန်းတွင် တူးဖော်ကြသည်။ အဓိက စိုက်ပျိုးသော အာလူးမျိုးများမှာ တရုတ်ဖြူမျိုးများဖြစ်ကြသည်။ ပခုက္ကူကုန်စည်ဒိုင်တွင် ဒေသထွက်အာလူးများသာမက ရှမ်းပြည်နယ်မှလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြကြောင်း ကုန်သည်ပွဲစားများထံမှ သိရသည်။

အာလူးများကို အလုံးအရွယ်အစားနှင့် နေရာဒေသပေါ်မူတည်၍ ဈေးနှုန်းများလည်း ကွာခြားလျက်ရှိသည်။ ကမ္မ၊ မြစ်ခြေ နှင့် ပေါက်နယ်များထွက်သော အာလူး လက်ကားဒိုင်ပြတ်ဈေးမှာ အလုံးကြီး ထိပ်စ တစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ အလုံးသေး တစ်ပိဿာလျှင် ကျပ်၁၀၀၀ ဖြစ်ပြီး ရှမ်းပြည်နယ်မှ လာသော အာလူးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးဖြစ်ကြောင်း ကုန်စည်ဒိုင်မှသိရပြီး မြို့မစည်ပင်ဈေးနှင့် အမှတ်(၂) ဈေးတို့တွင် ရောင်းချနေသော လက်လီဈေးမှာ အလုံးကြီး တစ်ပိဿာလျှင် ကျပ်၂၅၀၀၊ အလုံးအလတ် တစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ အလုံးသေး တစ်ပိဿာလျှင် ကျပ်၁၅၀၀-၁၇၀၀-၁၈၀၀ ဈေးတို့ဖြင့် ရောင်းချနေကြောင်း မြို့မဈေးသည်များထံမှ သိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# မကွေးတိုင်းဒေသကြီး ဆန်၊ စပါး ဈေးနှုန်းဈေးကွက်

**နှမ်းစပါး**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်တွင် နှမ်းစပါးများ စတင်စိုက်ပျိုးလျက်ရှိပြီး တောင်သူများအနေဖြင့် စပါးများကို ပျိုးထောင်စိုက်ပျိုးခြင်းနှင့် အစေ့ချ တိုက်ရိုက်ချ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်တွင် နှမ်းစပါးစိုက် ဧက ၆၇၁၇ ဧကရှိပြီး တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသည့် ဆာဖိုးသာ စပါးမျိုး၊ ရတနာတိုးစပါးမျိုးနှင့် မနောသုခစပါးမျိုးများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း တောင်သူများ စိုက်ပျိုးထားရှိသည့် နှမ်းစပါးများ အထွက်နှုန်းမြင့်မားရေး အတွက် နိုင်ငံစီးပွားရန်ပုံငွေဖြင့် ဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုးနှင့် ပေါင်းသတ်ဆေးများကို သွင်းအား စု အနေဖြင့် နှမ်းစပါး စိုက်ပျိုးထားရှိသည့် တောင်သူများအား စပါးပေါ် ငွေချေစနစ်ဖြင့် အတိုးပြန်ဆပ် သွင်းအားစုများ ထုတ်ပေးပြီး မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီမှ တောင်သူများအကျိုးရှိစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သရက်ခရိုင် ကံမမြို့နယ် တောင်ချောင်းဘက်ရှိ ကျေးရွာများမှာ မဒေးဆည်လျှောင်တမံမှရရှိသော ဆည်ရေ ဖြင့် နှမ်းစပါး၊ မိုးစပါး၊ အခြားရာသီ သီးနှံမျိုးစုံများကို စိုက်ပျိုး ကြရာ နှမ်းစပါးကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် လျာထား ဧက ၁၇၂၇ ဖြင့် အထွက်နှုန်း ကောင်းသည့် ဆာပိုးသာစပါးမျိုးကို သာ အဓိကထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်၊ စပါး ဈေးနှုန်း**

မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီး ဖြစ်၍ မတ်လစတုတ္ထပတ်အတွင်း စပါးဈေးနှုန်းများမှာ ဧရာ ပဒေသာတစ်တင်းလျှင် ကျပ်၃၈၀၀-၃၉၀၀၊ ဧည့်မထ(နှမ်း) တစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ ဧည့်မထ(မိုး) တစ်တင်းလျှင် ကျပ် ၂၂၀၀၀၊ မနောသုခ တစ်တင်းလျှင် ကျပ် ၂၅၀၀၀- ၂၇၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ၄၈ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၅၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာ တိုး ကျပ်၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ကျပ်၁၆၀၀၀၀၊ ဧရာပဒေ သာ ကျပ် ၁၃၅၀၀၀ ၊ မနောသုခ ကျပ် ၉၀၀၀၀၊ သရက်ခရိုင် တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၁၅၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေးကျပ် ၁၇၅၀၀၀ ၊ ဧရာပဒေသာ ကျပ် ၁၄၂၀၀၀၊ မနောသုခ ကျပ်၉၃၀၀၀၊ ရတနာတိုး ကျပ် ၈၀၀၀၀၊ ချောက် ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၅၆၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ ရတနာတိုး ကျပ် ၇၀၀၀၀၊ ပခုက္ကူ ခရိုင်တွင်ပေါ်ဆန်းမွှေး ကျပ်၁၅၀၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၄၅၀၀၀ ၊ မနောသုခ ကျပ် ၉၅၀၀၀၊ ဂန့်ဂေါ ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၇၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၆၀၀၀၀၊ မနောသုခ ကျပ် ၁၁၀၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ကုန်ဇောင်း ဧရာပဒေသာဆန်မှာ ဆီးချိုသမား များက ဝယ်ယူစားသုံးမှုများ၍ ရွှေဘိုပေါ်ဆန်းဈေးနှင့် အတူ တူဖြစ်သည်။ ယခင်တစ်ပတ်နှင့် နှိုင်း ယှဉ်ပါက ယခုတစ်ပတ် တွင် ဆန်ဈေးနှုန်းများမှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိ ကြောင်း သိရသည်။

သရက်ခရိုင် အထက်မင်းလှမြို့သည် စိုက်ပျိုးရေး ဒေသဖြစ်သော်လည်း စပါးစိုက်ဧကနည်းပြီး ဆန်မှာ အခြား တိုင်းဒေသကြီးများမှ ဝယ်ယူတင်သွင်းရသော ဒေသဖြစ် သည်။ မင်းလှမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရေဦးမြို့နှင့် မကွေးတိုင်းဒေသကြီး မကွေး၊ မင်းဘူး၊ စလင်း၊ ဆင်ဖြူကျွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ၊ ပုသိမ်၊ မြောင်းမြ၊ မြန်အောင်၊ ကြံခင်း၊ ဟင်္သာတတို့မှ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ဆန်အိတ်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မတ်စတုတ္ထပတ်တွင် အထက်မင်းလှမြို့တွင် အရောင်း အဝယ်ဖြစ်လျက်ရှိသော ဆန်ဈေးနှုန်းများမှာ ဧရာပဒေသာ ဆန်ရွှေပိုးအိမ် ၄၈ ပြည်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀၊ စိန်ရတီ(စိမ်း) ကျပ် ၁၆၀၀၀၀၊ စိန်ရတီ(နီ) ကျပ် ၁၇၀၀၀၀၊ ကုန်းဇောင်း(အလွတ်) ကျပ် ၁၅၆၀၀၀၊ မနောသုခ ကျပ် ၁၁၅၀၀၀၊ ပေါ်ဆန်း(ရွှေဘို) ကျပ် ၁၆၈၀၀၀၊ ပေါ်ဆန်း(ဖျာပုံ) ကျပ် ၁၆၈၀၀၀၊ ရက်(၉၀) ကျပ် ၁၁၉၀၀၀၊ ပေါင်းဆန် ကျပ် ၆၀၀၀၀၊ ဧရာပဒေသာ(သစ်) ကျပ် ၁၄၇၀၀၀ ဈေးအသီး သီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မတ်လ တတိယပတ်နှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ် တွင် ဆန် အဟောင်းတစ်အိတ်လျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဆန်သစ်ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိ ကြောင်း သိရသည်။

**ဆယ်အောင်၊ နွဲ့ယဉ်ဝင်း၊ ရဲမင်းသာ၊ နှင်းလွင်ဦး**

| မော်လမြိုင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက် | | | | |
|---|---|---|---|---|
| | | ၂၀ ပိဿာ/တစ်တင်းဈေးနှုန်း (ကျပ်) | | |
| စဉ် | ပဲမျိုးစုံ | မတ်လ စတုတ္ထပတ် | မတ်လ ပထမပတ် | နှိုင်းယှဉ်ချက် |
| ၁ | ပဲတီစိမ်း(ရွှေဝါ) | ၇၀၀၀၀ | ၇၅၀၀၀ | ↓ ၅၀၀၀ |
| | | | | |
| ၂ | ပဲတီစိမ်း | ၅၈၀၀၀ | ၅၈၀၀၀ | — |
| | | | | |
| ၃ | မတ်ပဲ | ၉၂၀၀၀ | ၉၃၅၀၀ | ↓ ၁၅၀၀ |
| | | | | |
| ၄ | ပဲလွမ်းဖြူ | ၆၃၀၀၀ | ၆၃၀၀၀ | — |
| | | | | |
| ၅ | ဗိုလ်ကိတ်ပဲ | ၇၀၀၀၀ | ၇၀၀၀၀ | — |
| | | | | |
| ၆ | ပဲပုပ် | ၆၀၀၀၀ | ၆၀၀၀၀ | — |
| | | | | |
| ၇ | မြေပဲ(အသစ်) | ၁၅၂၀၀၀ | ၁၆၀၀၀၀ | ↓ ၈၀၀၀ |

ခင်ကြည်(မွန်ပြည်နယ်)

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၅.၃.၂၀၂၄)ရက်နေ့မှ (၃၁.၃.၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 957 |
| ငွေလဲနှုန်း | 2946 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,524,153 | 5.75 |
| ၃ | စားအုန်းဆီအလှူ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 28,193,220 | 46.04 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | .100,485,000 | 164.09 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,279,900 | 15.15 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 40,194,000 | 65.63 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 32,901,488 | 53.73 |
| | **အထွေထွေစရိတ်ပေါင်း** | | **284,536,650** | **464.63** |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **2,819,322,000** | **4,603.80** |
| | **စရိတ်စုစုပေါင်း** | | **3,103,858,650** | **5,068.43** |

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉.၃.၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်းအမှတ်(၁) | MT .MESON | P'Oil(In Bulk) ၄၀၅၀ တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | BL PL FAITH | ကုန်သေတ္တာ၃၂၀တင် ၁၆၁ ချဆဲ |
| | TCI ARJUN | ကုန်သေတ္တာ၃၄၉တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | MSC SUPARNA F | ကုန်သေတ္တာ ၇၇၇ တင် ၆၁၆ ချဆဲ |
| | ISEACO WISDOM | ကုန်သေတ္တာ ၇၉၀ တင် ၁၀၆၃ ချရန်အသင့်စောင့်ဆိုင်း) |
| | SINAR BAJO | ကုန်သေတ္တာ၁၂၁၂ တင် ၁၀၆၄ ချဆဲ |
| | KOTA TAMPAN | ကုန်သေတ္တာ၃၇၀တင်၆ဂ၁ချဆဲ |
| | METHI BHUM | ကုန်သေတ္တာ၆၃၂တင်ဂ၃၆ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | WOOHYUN HOPE | ပြောင်းဝါတန်ချိန် ၁၅၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | YONG SHENG -99 | ပြောင်းဝါတန်ချိန် ဂ၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | THAI BINH 05 | ပြောင်းတန်ချိန် ၂၀၅၀၀ တင်ဆဲ |
| Yangon Int'l Gateway Terminal | DONG AN | ပြောင်းဝါတန် ၆၆၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | SEIYO HARMONY | ပြောင်းဝါတန် ၂ဂ၀၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | BANGKOK | ကုန်သေတ္တာ ၉၀၅ တင် ၉၀၁ ချရန် |
| | BL PL BLESSING | ကုန်သေတ္တာ၄၃၀ တင် ၃ဂ၆ ချရန်(အသင့်စောင့်စားဆဲ) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | T 12 APPLE | ကုန်သေတ္တာ ၃၁၀ တင် ၂၉၆ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | TURAN C | ဆန်၁၂၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | ATLANTIS DISCOVERY | ဆန် ၂ဂ၂၉၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၆) | MANTA HATICE | ပြောင်းဝါ တန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | TAY SON -4 | ပြောင်းဝါတန်ချိန် ၁၂၇၀၀ တန်တင်ဆဲ |
| Myanmar Integrated Port Limited | MV MCL-11 | Fertilizer ၂၂၆၀ တန်ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | TORREST STRAIT | ကုန်သေတ္တာ ၁၂ဂ တင် ၆၁ဂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၃) | JACOB H | Steel&Equipment တန်ချိန် ၂၅၅၂ဂ တန်ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၅) | TUOJIANG | ပြောင်းဝါတန်ချိန် ဂ၀၀၀ တန်တင်ဆဲ( Top Up) |
| WILMAR JETTY | THERESA GLORY | ဂျုံတန်ချိန် ၂၅၀၀၀ တန်ချရန်ရှိ (အလုပ်မလုပ်) |
| | MT.RM 2 | P.Oil (In Bulk) ၂၉၀၀တန်ချဆဲ |
| IBTT ဆိပ်ကမ်း | JANKI | Urea တန်ချိန် ၃၀၀၀၀ တန်ချဆဲ |
| MKH ဆိပ်ကမ်း | TOLMIROS | Urea တန်ချိန် ၂၂၀၀၀ တန်ချဆဲ |
| MHM ဆိပ်ကမ်း | MV MCL 6 | ပြောင်းဝါတန်ချိန် ၂၇၀၀ တန်တင်ဆဲ |
| | MV MCL 18 | ပြောင်းဝါတန်ချိန် ၂၇၀၀ တန်တင်ရန်ရှိ (အလုပ်မလုပ်) |
| | MV MCL 12 | ပြောင်းဝါတန်ချိန် ၂၇၀၀ တန်တင်ရန်ရှိ (ပူးတွဲလုပ်ဆောင်) |
| MFCL ဆိပ်ကမ်း | CITRA | ပြောင်းဝါတန်ချိန် ၂၆၀၀ တန်တင်ရန်ရှိ (အလုပ်မလုပ်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SEIYO HARMONY | ပြောင်းဝါ ၂ဂ၀၀၀ တန်တင်ရန် | INDIA | ၃၀.၃.၂၀၂၄ |
| TAY SON 4 | ပြောင်း ၁၂၇၀၀ တန်တင်ရန | THAILAND | ၃၀.၃.၂၀၂၄ |
| CITRA | ပြောင်းဝါ ၂၆၀၀ တန်တင်ရန် | THAILAND | ၂၈.၃.၂၀၂၄ |
| BBC CITRINE | 12Units Rail Cars ၂၁၇ ချရန် | SPAIN | ၂၁.၃.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BL PL BLESSING | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀.၃.၂၀၂၄ |
| MATHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၃.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၃.၂၀၂၄ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၃.၂၀၂၄ |
| TORREST STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| SITC CHENMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| MAERSK DAVAO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| T12 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| SINAR BAJO | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| BANGKOK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| KOTA RATNA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| ASIAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| SITC CHUNMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၂၄ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၄.၂၀၂၄ |

# ပြည်ဒေသထွက် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲဈေးကွက်

**ကြက်သွန်နီ**

ပြည်ဈေးကွက်သို့ မကွေးတိုင်းဒေသကြီး တောင်တွင်း၊ ဆိပ်ဖြူ၊ သရက်၊ ရေနံချောင်း၊ စစ်တလင်း၊ ဖန်ခါးပင် စသည့်နယ်များမှ ကြက်သွန်နီ ပိဿာချိန် နှစ်သောင်းခန့် ဝင်ရောက်မှုများအပြင် ပြည်မြို့အနီးတစ်ဝိုက်ရှိ မှော်ဇာရွာ၊ တောင်လုံးညိုရွာတို့မှထွက်ရှိသည့် ကြက်သွန်နီများလည်း ဈေးကွက်အတွင်း ပိဿာချိန် အနည်းငယ် ဝင်ရောက်မှုရှိနေကြောင်း သိရသည်။ အရောင်းအဝယ်အနေဖြင့် ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲ ဝယ်ရောင်းသမားများ၊ ကြံခင်း၊ မြန်အောင်သို့ ဝင်ရောက်မှု၏ တစ်ဝက်နီးပါးခန့် ရောင်းဝယ်မှုရှိနေသည်။

ဈေးနှုန်းမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး/လတ်/သေး ကျပ် ၂၃၀၀-၂၂၀၀-၂၁၀၀-၂၀၀၀-၁၉၀၀ ရှိပြီး မြို့ပေါ်ဈေးများတွင် ကျပ် ၂၆၀၀၊ ၂၄၀၀-၂၂၀၀၊ ၂၁၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ကြက်သွန်ဖြူ အာလူး**

ပြည်ဈေးကွက်တွင် မန္တလေးဘက်မှဝင်သည့် ကြက်သွန်ဖြူ(ကြူကုတ်)မှာ တစ်ပတ်လျှင် ၁၃ ပိဿာ၊ ၁၅ ပိဿာဝင်ဆံ့သော အိတ် ၁၀၀၊ ၂၀၀ခန့် အဝင်ရှိပြီး ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် လက်လီ ကျပ် ၁၁၀၀၀၊ လက်ကား ကျပ် ၁၀၀၀၀ ဈေးရှိသည်။ တောင်ကြီးဘက်မှဝင်သော ကြက်သွန်ဖြူ(ရှမ်းစ)များမှာ တစ်အိတ်လျှင် ပိဿာ ၃၀ မှ ၃၃ ပိဿာဝင်ဆံ့ပြီးတစ်ပတ်လျှင် အိတ် ၃၀၀ ခန့် အဝင်ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် လက်လီ ကျပ် ၂၀၀၀၀၊ လက်ကား ကျပ် ၁၈၀၀၀ ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ရှိသည်။ ယခင်နှစ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် စိုက်ပျိုးစရိတ်များမှာ ယခင်နှစ်ကထက် အကုန်အကျများခြင်းနှင့် သယ်ယူခနှုန်းထားများလည်း ပိုလာခြင်းကြောင့် ယခင်နှစ် ဈေးနှုန်းများဖြင့် ကွာဟရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ဈေးကွက်သို့ ရှမ်းပြည်နယ် အောင်ပန်းမှ အာလူး တစ်အိတ်လျှင် ပိဿာ ၃၀ ဝင်ဆံ့သော အိတ် ၅၀ မှ ၁၀၀ အတွင်း တစ်ပတ်ခြားအဝင်ရှိသည်။ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် လက်လီ ကျပ် ၃၄၀၀၊ လက်ကား ကျပ် ၃၂၀၀ ဈေးရှိပြီး မြို့နယ်အတွင်း လက်လီ/လက်ကား ဝယ်ယူသူများ၊ လုပ်ငန်းရှင်များ အဝယ်ရှိပြီး ခရိုင်အတွင်းရှိ အခြားမြို့နယ်များမှ လက်ကားဝယ်ယူသူများမှလည်း အဝယ်ရှိခြင်းကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ပဲသီးနှံ**

ပြည်ပဲဈေးကွက်သို့ ပဲမျိုးစုံ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လိုအားအပြင် ပြည်တွင်းစားသုံးမှုများသည့် ပဲများဖြစ်သော ပဲကြီး၊ ကုလားပဲ၊ ပဲနီပြား၊ ပဲထောပတ် စသည့် သီးနှံများလည်း ဝင်ရောက်မှုများလာပြီဖြစ်သည်။ အဆိုပါ ပဲများထဲတွင် ပဲကြီးသီးနှံမှာ ဈေးအမြင့်ဖြင့် ဈေးကွက်အတွင်း ရောင်းဝယ်နေကြသလို နှစ်စဉ်အခြားပဲများထက် ဈေးကောင်းရလျက်ရှိသည်။ ပဲကြီးသီးနှံ၏ နှစ်အလိုက် ကာလတူ ပဲဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| ခုနှစ် | လ | ပဲအမျိုးအစား (ဈေးနှုန်း)ကျပ် | ရေတွက်ပုံ (ပိဿာ) |
|---|---|---|---|
| ၂၀၂၁ | မတ် | ရွှေကျွန်း | ၃၀၀၀၀ |
| | | ကမ်းနား | ၂၉၀၀၀ |
| ၂၀၂၂ | မတ် | ရွှေကျွန်း | ၆၆၀၀၀ |
| | | ကမ်းနား | ၆၄၀၀၀ |
| ၂၀၂၃ | မတ် | ရွှေကျွန်း | ၈၁၀၀၀ |
| | | ကမ်းနား | ၇၈၀၀၀ |
| ၂၀၂၄ | မတ် | ရွှေကျွန်း | ၈၅၀၀၀ |
| | | ကမ်းနား | ၈၄၀၀၀ |

ပဲကြီးသီးနှံအား မိုးနှောင်းကာလ ဇူလိုင်လ၊ ဩဂုတ်လအတွင်း စိုက်ပျိုးကြကာ ဖေဖော်ဝါရီလတွင် ပဲသစ်များပေါ်လာပြီး ယခုအချိန်တွင် ပဲအထွက်လှိုင်လာပြီဖြစ်သည်။ ပဲကြီးသီးနှံ အစိုရော၊ အခြောက်ပါ ဈေးကောင်းရပြီး ဝင်လာသမျှပဲများအား ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိက ဝယ်ယူကြသည်။

**ဝင်းလှဲ့ဝါ၊ ဆုမွန်ဆွေ၊ ခင်ဆွေဝင်း(ပြည်)**

# ရန်ကုန် ညောင်ပင်လေးဈေးပလာဇာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ကမ်းနားလမ်းပေါ်ရှိ ညောင်ပင်လေးဈေးပလာဇာတွင် လူသုံးကုန်၊ စားသောက်ကုန်များ လက်လီ၊ လက်ကား ရောင်းချလျက်ရှိသည်။

ညောင်ပင်လေးဈေးပလာဇာတွင် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေခံစားသောက်ကုန်များ၏ တစ်ပိဿာဈေးနှုန်းများမှာ ကြက်သွန်နီ(ဆိပ်ဖြူ) အရွယ်အစားအလိုက် ကျပ် ၁၉၀၀ မှ ၂၅၀၀ ကျပ်ထိလည်းကောင်း၊ ကြက်သွန်နီ(မြစ်သား) အရွယ်အစားအလိုက် ကျပ်၂၃၀၀ မှ ၃၁၀၀ ကျပ်၊ ကြက်သွန်ဖြူ (ကြူကုတ်) ကျပ် ၁၀၅၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ (အောင်ပန်း) ကျပ် ၇၀၀၀ မှ ၉၀၀၀၊ အာလူး ကျပ် ၁၈၀၀ မှ ၂၂၀၀ ကျပ်၊ ချင်း ကျပ် ၄၀၀၀ မှ ၅၅၀၀၊ ကုလားပဲ ကျပ် ၆၀၀၀ မှ ၆၂၀၀၊ ပဲနီလေး ကျပ် ၁၁၀၀၀မှ ၁၂၀၀၀ မြေပဲဆံ(နီ) ကျပ် ၉၀၀၀၊ မြေပဲဆန်(ဖြူ) ကျပ် ၈၀၀၀၊ ငရုတ်သီးအစိမ်းမှုန့်(ပု) ကျပ် ၂၂၀၀၀၊ ငရုတ်သီးအစိမ်းမှုန့်(ရှည်) ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀၊ ငရုတ်သီးအလှော်မှုန့် ကျပ်၂၀၀၀၀ မှ ၂၂၀၀၀၊ ငရုတ်သီးအကြမ်းဖတ် ကျပ် ၂၀၀၀၀ နှင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**နှင်းနွယ်နွယ် (DOCA YGN)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၇-၃-၂၀၂၄ မှ ၂-၄-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 595 - 600 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 575 - 580 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 545 - 550 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 595 - 600 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 585 - 595 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 575 - 580 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 565 - 575 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 595 - 600 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 575 - 580 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 585 - 595 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 575 - 580 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 565 - 575 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 560 - 565 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 595 - 600 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 640 - 650 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 635 - 640 | |
| 24 | A-1 , 2 (Sortexed) | 440 - 450 | |
| 25 | B-1 , 2 (Sortexed) | 425 - 435 | |
| 26 | B-1,2 (Non-Sortexed) | 405 - 415 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ပြည်တွင်းဆီဈေးနှုန်းများ (၁-၄-၂၀၂၄)

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၄၀၀၀ | ၁၄၀၀၀ | – | ၁၂၅၀၀ | ၁၂၅၀၀ | – | ၆၀၅၀ | ၆၀၅၀ | – |
| ပဲခူး | ၁၄၀၀၀ | ၁၄၀၀၀ | – | ၁၅၀၀၀ | ၁၅၀၀၀ | – | ၅၇၀၀ | ၅၆၀၀ | ↓ |
| မကွေး | ၁၄၀၀၀ | ၁၄၀၀၀ | – | ၁၄၀၀၀ | ၁၄၀၀၀ | – | ၆၀၀၀ | ၆၀၀၀ | – |
| ပြည် | ၁၄၀၀၀ | ၁၄၀၀၀ | – | ၁၃၅၀၀ | ၁၃၅၀၀ | – | ၅၆၀၀ | ၅၇၀၀ | ↑ |
| စစ်တွေ | ၂၂၀၀၀ | ၂၂၀၀၀ | – | | | | ၅၄၀၀ | ၅၄၀၀ | – |
| နေပြည်တော် | ၁၄၅၀၀ | ၁၄၀၀၀ | ↓ | ၁၄၀၀၀ | ၁၄၀၀၀ | – | ၅၇၀၀ | ၅၇၀၀ | – |
| မြိတ် | ၁၆၀၀၀ | ၁၆၀၀၀ | – | | | | ၆၀၅၀ | ၆၀၅၀ | – |

# မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန် အရောင်းအဝယ်အေးနေ

မတ်လ နောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ဧရာဝတီ မြစ်ဝကျွန်းဘက်နှင့် မတ္တရာ စဥ့်ကူး မြင်းမူ၊ အောင်လံဒေသမှ မြေပဲဆန်များ ဝင်ရောက်နေပြီး ဈေးအေးနေကြောင်း သိရသည်။ မြေပဲလုံးဆန်များ တရုတ်ဝယ်လက်မှ ဝယ်ယူမှု အေးခြင်းကြောင့် မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၁၀၀ မှ ၁၀၀၀ အထိ ဈေးကျလာပြီး ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူမှု အေးနေသောကြောင့် S1 ဆီဆံ တစ်ပိဿာလျှင် ယခင်တစ်ပတ်ထက် ကျပ် ၈၀၀ မှ ၁၅၀၀ အထိ ဈေးကျလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈၀၀ မှ ၇၃၀၀၊ ယခင်တစ်ပတ် ကျပ် ၇၀၀၀ မှ ၈၀၀၀၊ ယခင်လက ကျပ် ၇၈၀၀ မှ ၈၃၀၀ ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၁၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀ ဈေးကျလာသည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၆၆၀၀ မှ ၇၁၀၀၊ ယခင်တစ်ပတ်ကျပ် ၆၇၀၀ မှ ၇၁၀၀၊ ယခင်လက ကျပ် ၇၂၀၀ မှ ၇၄၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၊ ယခင်လထက်ကျပ် ၃၀၀ မှ ၆၀၀ ဈေးကျလာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၀၀၀ မှ ၆၁၀၀၊ ယခင်တစ်ပတ် ကျပ် ၆၀၀၀ မှ ၆၁၀၀၊ ယခင်လက ကျပ် ၆၈၀၀ မှ ၇၆၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၈၀၀ မှ ၁၅၀၀ ဈေးကျလာသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**



# စားဆီဈေး မြင့်တက်ခြင်း မဖြစ်စေလိုပါ

မျိုးသူ (ကုန်သွယ်မြှင့်)

အိမ်ထောင်စုတစ်ခုအတွက် မီးဖိုချောင်စရိတ်က အဓိကဟု ပြောရမည် ထင်ပါသည်။ အသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေးလိုအပ်သည်။ စားဝတ်နေရေးတွင် စားရေးက ထိပ်ဆုံး လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့်ပင် ဝင်ငွေရှာကြသည့်အခါ စားစရိတ်ဖန်တီးရခြင်းက ပင်မဖြစ်လာသည်။ မီးဖိုချောင်စားရိတ်ခေါ် စားစရိတ်ကိုကြည့်လျှင် အခြေခံစားသောက်ကုန် ကိုးမျိုးအတွက် မဖြစ်မနေ ကုန်ကျကြသည်။ ဆန်၊ စားဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ အသား နှင့် ငါးများ၊ ကြက်ဥ၊ ဘဲဥများ၊ ပဲမျိုးစုံအစုံ၊ အခြောက်များနှင့် သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်များဖြစ်ကြသည်။ ၎င်းကိုးမျိုးတွင် စားဆီသည် အရေးကြီးမှု အဆင့်အနေဖြင့် နံပါတ်(၂)တွင်ရှိသည်။ ဆန်ကမူ မရှိမဖြစ် လိုအပ်ချက်ဖြစ်သကဲ့သို့ ဆီမှာလည်း လူ၏ကျန်းမာရေးနှင့် လိုအပ်သော စွမ်းအင်အတွက် ဆီကို စားသုံးကြရသည်။ ဆီမပါလျှင် မဖြစ်သည့် မီးဖိုချောင်စရိတ်တွင် ဆီဈေးနှုန်းများသည် ယခင်နှစ်က များစွာဈေးတက်ခဲ့သည်ကို တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ ယခုနှစ်တွင် ထိုသို့မြင့်တက်ခြင်း မဖြစ်စေလိုပါ။

စားသုံးဆီဈေးနှုန်းများသည် ကိုဗစ်(၁၉) ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်မှ စတင်ပြီး လှုပ်ခတ်ခဲ့သည်ဟု ဆိုနိုင်သည်။ ၂၀၂၁ ခုနှစ်တွင် စားအုန်းဆီထုတ်လုပ်သော နိုင်ငံများတွင် အထူးသဖြင့် ပြည်ပလုပ်သားများကို အားကိုးရသော မလေးရှားနိုင်ငံတွင် စားအုန်းဆီထုတ်လုပ်မှု ကျဆင်းခဲ့သည်ဟုဆိုသည်။ ထိုအချက်များကိုမှီ၍ စားအုန်းဆီဈေးနှုန်းများ ဈေးမြင့်တက်လာသည်။ ထို့နောက် ယူကရိန်းတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် နေကြာစိုက်ပျိုးထုတ်လုပ်မှုကျဆင်းပြီး နေကြာဆီဈေးများသည် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်မြင့်တက်လာပြီး နေကြာဆီနောက်မှ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးများသည် အသီးသီး လိုက်လံမြင့်တက်ခဲ့သည်။ ၂၀၂၁ ခုနှစ် တစ်နှစ်လုံးတွင် ကမ္ဘာ့စားသုံးဆီ ဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်အတွက် ဘရာဇီးအပါအဝင် တောင်အမေရိကနိုင်ငံများတွင် ရာသီဥတုကြောင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသည်ကို ကြုံတွေ့ခဲ့ရသည်။ အကျိုးဆက်အဖြစ် ပဲပုပ်စားသုံးသော နိုင်ငံများတွင် အထောက်အကူအဖြစ် စားအုန်းဆီနှင့် နေကြာဆီများကို ဖြည့် တင်းလာကြသည်ကို တွေ့ရသည်။

ထို့နောက်ပိုင်းတွင် ရုရှားနှင့် ယူကရိန်းတို့၏ စစ်ပွဲကြောင့် နေကြာဆီထုတ်လုပ်မှုကို များစွာထိခိုက်ပြီး နေကြာဆီဈေးများလည်း မြင့်တက်လာခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုကို ကန့်သတ်မည်ဟူသော သတင်းစကားကြောင့် အင်ဒိုနီးရှားမှ စားအုန်းဆီတင်သွင်းသော နိုင်ငံများအတွက် အခက်အခဲများ ရင်ဆိုင်ရမည်ကို စိုးရွံ့လာကြကြောင်း သိရှိခဲ့သည်။ ထို့နောက်တွင် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီပို့ကုန်ကုမ္ပဏီများကို အခွန်တိုးမြှင့် ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စားအုန်းဆီဈေးနှုန်းသည် ပြန်လည်ကျဆင်းသည့် အခြေအနေသို့ မရောက်တော့ကြောင်း တွေ့နိုင်သည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်မှုကလည်း စားအုန်းဆီဈေးနှုန်းများအပေါ် သက် ရောက်မှုကြီးမားသည်။ စားအုန်းဆီကြမ်းသည် Bio-fuel ထုတ်လုပ်ရေးတွင် အသုံးဝင်သည်နှင့်အမျှ လိုက်ပါမြင့်တက်မှုများ ဖြစ်ပေါ်သည်ကို တွေ့နိုင်သည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်များ မြင့်တက်သည်နှင့်အမျှ စားအုန်းဆီဈေးနှုန်းများသည်လည်း တွဲလျက်မြင့်တက်လာသည်။

မြန်မာနိုင်ငံတွင် စားအုန်းဆီတင်သွင်းမှုများကို ၂၀၂၀ ပြည့်နှစ်အထိ တန်ချိန် ၈၀၀၀၀၀ ကျော် တင်သွင်းခဲ့သော်လည်း နိုင်ငံခြားငွေယိုပေါက်များ လျော့ကျစေရန်နှင့် ပြည်တွင်းဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်လာစေရန်ရည်ရွယ်ပြီး ပြည်ပမှ စားသုံးဆီများ တင်သွင်းခြင်းကို ကိုတာစနစ်ဖြင့် လိုင်စင်ချထားပေးခြင်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် တင်သွင်းမှုများ လျှော့ချသည်ဆိုသော်လည်း လုပ်သားပြည်သူများအတွက် လောက်ငသော အရေအတွက်ကို ချင့်ချိန်တင်သွင်းစေခြင်းဖြစ်သဖြင့် စားသုံးရန် ဖူလုံမှုရှိရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဈေးနှုန်းများကြီးမြင့်မှု မရှိစေရေးအတွက် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့သည်မှာ ယခုအချိန်အထိဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသည့်ကြားမှ အချို့သော ဈေးကစားသည့် လုပ်ငန်းရှင်များနှင့် ဆီသိုလှောင်သူများကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဈေးနှုန်းများမြင့်တက်လာပြီး ဩဂုတ်လတွင် စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ခန့်အထိ ဈေးများဖြစ်ပေါ်ခဲ့သည်။ ထိုသို့မြင့်တက်ခဲ့ခြင်းသည် Business Ethics စီးပွားရေးကျင့်ဝတ်များကို ထိန်းသိမ်းမှုမပြုပဲ ကိုယ်ကျိုးစီးပွားကိုသာကြည့်သည့် လုပ်ငန်းရှင်အချို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်မှ သေချာစွာကြပ်မတ် ထိန်းသိမ်းမှု များကို ပြုလုပ်ခဲ့ပြီး ဆီတင်သွင်းသည့် သွင်းကုန်ကုမ္ပဏီများကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ဆက်လက်ရောင်းချပေးလျက်ရှိသည့်အပြင် ဖြန့်ဖြူးမှုများတွင်လည်း သိုလှောင်ဈေးကစားသူများ မရှိစေရန်အတွက် ကုန်ဈေးနှုန်း ကြီးကြပ်ရေးကော်မတီများ၏ ဦးဆောင်မှုဖြင့် အမှန်တကယ် ဆီရောင်းချသူများ၊ ဆီအရောင်းဆိုင်များအား စာရင်းကောက်ယူ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သော လူဦးရေစာရင်းပေါ်တွင် အခြေခံသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စားအုန်းဆီများကို ဖြန့်ဖြူးပေးခဲ့သဖြင့် စားအုန်းဆီဈေးနှုန်းများသည် မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်တွင်မဆို ရည်ညွှန်းဈေးဖြင့် များစွာကွာခြားခြင်းမရှိသည်ကို တွေ့နိုင်သည်။

၎င်းနေရာတွင် ရည်ညွှန်းဈေးများကို မည်သို့မည်ပုံ တွက်ချက်ထုတ်ပြန်သည်ကို အကြမ်းမျှတင်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုရလျှင် ရည်ညွှန်းဈေးများကို ထုတ်ပြန်ချင်သလို ထုတ်ပြန်ခြင်းမျိုး၊ ရောင်းချစေခြင်းမျိုးမဟုတ်ဘဲ သေချာစွာ ချင့်ချိန်တွက်ချက်ပေးခဲ့ခြင်းဖြစ်သည်။ အခြေခံမှာ အင်ဒိုနီးရှားနိုင်ငံထံမှ ဝယ်ဈေးနှုန်း (CIF) ဈေးနှုန်း (ကုန်ချဆိပ်ကမ်းအရောက် အာမခံချက်ဖြင့် ရောင်းချသော ဈေးနှုန်း)ကို အခြေခံထားသည်။ ထိုဈေးနှုန်းကို အခြေခံထားပြီး ကုန်ကျစရိတ်များအားလုံးနှင့် တင်သွင်းသည့်ကုမ္ပဏီအတွက် အမြတ် ၂ ရာခိုင်နှုန်းပေါင်းကာ ရောင်းဈေးသတ်မှတ်ပေးထားခြင်းဖြစ်သည်။

ထိုရောင်းဈေးမှာ Ex-godown စနစ်ခေါ် ဆီသိုလှောင်ကန်တွင် ရောင်းဈေးနှုန်းဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံမှ ရောင်းဈေးနှုန်းသည်မြန်မာနိုင်ငံရှိဆီပေါက်ဈေးအား တိုက်ရိုက်သက်ရောက်မှုရှိသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ဆီရောင်းဈေးနှုန်းကို တိတိကျကျသိရှိပြီး တွက်ချက်နိုင်ရန်အတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့မှ ပူးပေါင်း၍ Reuter Application ကို တန်ဖိုးများစွာပေး၍ ဝယ်ယူပြီး နေ့စဉ်လေ့လာကာ တွက်ချက်ပေးနေခြင်းဖြစ်သည်။ အဆိုပါ တွက်ချက်ရရှိသည့် ဈေးနှုန်းကို ရည်ညွှန်းဈေးအဖြစ် အပတ်စဉ် တနင်္လာနေ့တိုင်းတွင် တစ်ပတ်စာထုတ်ပြန်ပြီး ကုမ္ပဏီများအား ရောင်းချစေခြင်းဖြစ်သည်။ ထို့အပြင် ရည်ညွှန်းဈေး တွက်ချက်ရာတွင် သုံးစွဲသော နိုင်ငံခြားငွေလဲလှယ်နှုန်းသည်လည်း နိုင်ငံတော်ဗဟိုဘဏ်မှ ဆီတင်သွင်းသောကုမ္ပဏီများကို ရောင်းချပေးသည့်တန်ဖိုးကိုပါ ထည့်သွင်းတွက်ချက်ထား ခြင်းဖြစ်သည့်အတွက် ရည်ညွှန်းဈေးသည် ကာလဒေသပေါက်ဈေးအမှန်ဖြစ်စေပါသည်။ တင်သွင်းသည့် ဆီကုမ္ပဏီများ၊ ရောင်းချသူများ၊ ဝယ်ယူစားသုံးသူများ အားလုံးအတွက် သင့်တင့်မျှတသော ဈေးဖြစ်စေရန် သေချာစွာ စနစ်တကျ တွက်ချက်ပေးထားခြင်းဖြစ်သည်။ သို့ရာတွင် အပတ်စဉ် ရည်ညွှန်းဈေးနှုန်းများသည် မတည်မငြိမ်ဖြစ်ပေါ်လျက်ရှိသည်ကိုမူ တွေ့နေရသည်။ ထို့အပြင် ယခင်နှစ်များကထက် ရည်ညွှန်းဈေးနှုန်းများ ကြီးမြင့်နေမှုကို သေချာစွာလေ့လာကြည့်လျှင် အထက်တွင်ဖော်ပြထားသကဲ့သို့ အခြားသောစရိတ်စကများထက် အင်ဒိုနီးရှားနိုင်ငံ၏ ရောင်းဈေးနှုန်းပေါ်တွင်သာ အဓိကတည်မှီနေသည်ကို တွေ့ရသည်။


ထို့ကြောင့် ကျွန်တော်တို့သည် အခြားနိုင်ငံများမှ ထုတ်ကုန်များကို မှီခိုနေရပါက အဆိုပါနိုင်ငံများ၏ ခြယ်လှယ်သမျှကို ခံနေရမည်သာဖြစ်သည်။ ထိုနိုင်ငံကပြောသည့် ဈေးဖြင့် ဝယ်ယူစားသုံးနေရမည်သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်တွင်းထုတ်လုပ်မှု တိုးတက်စေရေး၊ ပြည်တွင်းဖူလုံမှုရှိရေးနှင့် ပိုလျှံပြီး နိုင်ငံခြားသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရေးတို့ကို အလေးထား ပြောကြားနေခြင်းဖြစ်သည်။ ထို့ကြောင့် စားအုန်းဆီများကို တင်သွင်းနေရသည်နှင့်အမျှ ဈေးနှုန်းများ မတည်မငြိမ် ဖြစ်ရသည်များကိုလည်း ကြုံရနိုင်သည်။

ပြည်တွင်းတွင် ဖူလုံရေးကို ပိုမိုဇောက်ချ ဆောင်ရွက်မှသာ ပြည်ပကို အားကိုးနေရခြင်းများ လျော့ကျပြီး နိုင်ငံခြားငွေယိုပေါက်များကို ဖာထေးနိုင်မည်ဖြစ်ပါကြောင်း ထပ် လောင်းတင်ပြလိုသည်။ ထို့ကြောင့် စားသုံးဆီဈေးလေးကျဆင်းစေချင်ပါသော်လည်း ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပနိုင်ငံ၏ ရောင်းဈေးပေါ်တွင် မှီခိုနေရသည့် အဖြစ်မျိုးရှိနေပါက ဈေးနှုန်းများ မတည်မငြိမ်သည်လည်း ကြုံ တွေ့နေရမည်သာဖြစ်သည်။ မှီခိုနေရသည့်အဖြစ်က ကင်းမဲ့စေချင်ပါလျှင် ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်ခြင်းသည်သာ ထွက်ရပ်လမ်းဖြစ်သောကြောင့် ပြည်တွင်းဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စားသုံးဆီတိုးချဲ့ထုတ်လုပ်နိုင်ရေး နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူပြည်သူများ အရည်အသွေးမီ စားသုံးဆီများကို သင့်တင့်သောဈေးနှုန်း၊ မှန်ကန်သောအလေးချိန်ဖြင့် အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရေး နိုင်ငံတော်အကြီးအကဲများက စေတနာ၊ မေတ္တာများနှင့် ဆောင်ရွက်ပေးလျက်ရှိသည်။ စားအုန်းဆီဈေးနှုန်းကို အခြေခံ ရည်ညွှန်းဈေးသတ်မှတ်ပေးပြီး ဈေးနှုန်းကြီးမြင့်မှုမရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ယခုကာလတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်နေသော်လည်း ကမ္ဘာ့ထိပ်တန်း စားအုန်းဆီ ထုတ်လုပ်သောနိုင်ငံများ၏ စားအုန်းဆီ CIF ဈေးနှုန်းများ မြင့်တက်နေသည့်အတွက် ပြည်တွင်းစားအုန်းဆီဈေးနှုန်း အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရသည်။

ယခင်တစ်ပတ် ပြည်တွင်းစားအုန်းဆီ တစ်ပိဿာ ရည်ညွှန်းဈေး ကျပ် ၅၁၈၀ မှ ယခုတစ်ပတ်ရည်ညွှန်းဈေး ကျပ် ၅၂၁၅ ဖြစ်သည့်အတွက် တစ်ပိဿာ ၃၅ ကျပ် ဈေးမြင့်တက် သွားသည်ဆိုသော်လည်း ကမ္ဘာ့စားအုန်းဆီဈေးနှင့် ချိန်ဆကြည့်လျှင် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်ခင်ဗျာ။

# မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားရာမှုနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုစနစ်




မူပိုင်ခွင့်ဦးစီးဌာနသည် အတည်ပြု ပြဋ္ဌာန်းပြီးသော မူပိုင်ခွင့်ဥပဒေများဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှု ဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေတို့ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်း များတွင် ဒီဂျစ်တယ် စနစ်များကို အသုံးပြု၍ မြန်ဆန်ထိရောက်စွာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး ခရီးစဉ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် ပြည်သူများက အမှန်တကယ် သိရှိလိုသော သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ ဖြန့်ဖြူးပေးခြင်းသည် အခြေခံအကျဆုံးဖြစ်ရာ မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်နေမှုများ၊ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးမှုများ၊ မူပိုင်ခွင့်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များနှင့် ဒီဂျစ်တယ် မှတ်ပုံတင် ဝန်ဆောင်မှုစနစ်များနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို မူပိုင်ခွင့်ဦးစီးဌာန၏ တရားဝင် website (www.ipd.gov.mm) တွင် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ လွှင့်တင်ထားရှိသည်။

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ ကနဦးမှတ်ပုံတင် လျှောက်ထားခြင်းကို ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှစ၍ အီလက်ထရောနစ် မှတ်ပုံတင်စနစ် (WIPOFile System) ဖြင့် ကနဦးစတင်လက်ခံဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် ၎င်းစနစ်ကို အွန်လိုင်းငွေပေးချေမှုစနစ်များ နှင့်ချိတ်ဆက်၍ တရားဝင်လက်ခံဆောင်ရွက်ခဲ့သည်။ ၎င်းအပြင် စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကိုလည်း WIPOFile စနစ်ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ လက်ခံ ဆောင်ရွက်လျက်ရှိသည်။

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စနစ်မိတ်ဆက်ခြင်း အခမ်းအနားများကို ရန်ကုန်မြို့နှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတို့တွင် ၂၀၁၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၂၂ ခုနှစ်မှစတင်၍ ဖွင့်လှစ် လျက်ရှိသည့် မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းအပတ်စဉ်တိုင်းတွင်လည်း WIPOFile စနစ်နှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများမှ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။

အီလက်ထရောနစ် မှတ်ပုံတင်စနစ် (WIPOFile System) သည် မူပိုင်ခွင့်ဦးစီးဌာနတွင် စာရင်း (Account) ဖွင့်လှစ်၍ efiling.ipd.gov.mm မှတစ်ဆင့် မူပိုင်ခွင့်မှတ်ပုံတင် လျှောက်လွှာများကို လျှောက်ထားနိုင်သော စနစ်တစ်ခုဖြစ်ပြီး မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေများကိုလည်း အွန်လိုင်းမှ တစ်ဆင့် တိုက်ရိုက်ပေးသွင်းနိုင်စေရန် အွန်လိုင်းငွေပေးချေမှု စနစ်များနှင့် ချိတ်ဆက်ထားသည်။

ကုန် အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှ လျှောက်ထားနိုင်သလို မူပိုင်ခွင့်ရုံးခွဲများတွင်လည်း လာရောက်လျှောက်ထားနိုင်သည်။ အွန်လိုင်းမှ လျှောက်ထားလိုလျှင် WIPOFile Account ရှိရန် လိုအပ်သည်။ Account လျှောက်ထားခွင့်ရရှိနိုင်ရန် မူပိုင်ခွင့်ဦးစီးဌာနမှ အခါအားလျော်စွာ ဖွင့်လှစ်သည့် မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများတွင် တက်ရောက်အောင်မြင်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။ သင်တန်း တက်ရောက်ပြီးသူများအနေဖြင့် WIPOFile Account လျှောက်ထားမည်ဆိုပါက Account လျှောက်ထားခွင့် တောင်းခံလွှာ (User Account Registration Form) ကို efiling.ipd.gov.mm တွင် အခမဲ့ရယူကာ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် admin@ipdept.gov.mm သို့ ပေးပို့လျှောက်ထားရမည်။ ၎င်းလျှောက်ထားခွင့်တောင်းခံလွှာတွင် လျှောက်လွှာပုံစံနှင့်အတူ လျှောက်ထားပုံအဆင့်ဆင့်ကိုလည်း ဖော်ပြထားသည်။

အခကြေးငွေပေးသွင်းရာတွင် WIPOFile စနစ်မှတစ်ဆင့် AYA ဘဏ်နှင့် CB ဘဏ်တို့၏ အွန်လိုင်းငွေပေးချေမှု စနစ်များဖြင့် ပေးသွင်းပြီးမှသာ မှတ်ပုံတင်လျှောက်ထားခြင်း ပြီးမြောက်မည်ဖြစ်သည်။ WIPOFile စနစ် အသုံးပြုမှု လမ်းညွှန်စာအုပ်ကိုလည်း www.ipd.gov.mm/e-filing တွင် လျှောက်ထားသူများ ပိုမိုလွယ်ကူအဆင် ပြေနိုင်စေရန်အတွက် လွှင့်တင်ထားရှိသည်။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကိုလည်း ပြဋ္ဌာန်း အကောင်အထည်ဖော်လျက်ရှိရာ အွန်လိုင်းမှ မှတ်ပုံတင် လျှောက်ထားနိုင်ရန် စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင် စနစ် (CRFile System) ကို အွန်လိုင်းငွေပေးချေမှုစနစ်များ နှင့် ချိတ်ဆက်တည်ဆောက်ကာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်မှစ၍ တရားဝင် လက်ခံဆောင်ရွက်လျက်ရှိသည်။ ယင်း CRFile စနစ်ကို www.crfile.ipd.gov.mm မှတစ်ဆင့် လျှောက်ထားသူကိုယ်တိုင်အနေဖြင့် လည်းကောင်း၊ ကိုယ်စားလှယ်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်ပြီး စနစ်အတွင်းသို့ ဝင်ရောက်နိုင်ရန် User Account ဖွင့်လှစ်ခြင်းကိုလည်း ကိုယ်တိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်လိုပါက မူပိုင်ခွင့်ဦးစီးဌာနမှ အခါအားလျော်စွာဖွင့်လှစ်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းကို တက်ရောက်အောင်မြင်ရမည်။ ကိုယ်စားလှယ်အနေဖြင့် User Account ဖွင့်လှစ်ရာတွင်လည်း ကိုယ်စား လှယ် သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်နံပါတ်တို့ကို ပူးတွဲထည့်သွင်းပေးရမည်။ စာပေနှင့် အနုပညာ မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားရာတွင် လူပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့် လည်းကောင်း လျှောက်ထားနိုင်ပြီး ကိုယ်စားလှယ်ထားရှိ၍လည်း လျှောက်ထားနိုင်သည်။ စနစ်အသုံးပြုမှု လမ်းညွှန်စာအုပ်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များကို www.crfile.ipd.gov.mm တွင် လျှောက်ထားသူများ လေ့လာနိုင်စေရန် လွှင့်တင်ထားရှိသည်။

မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို နေပြည်တော်ပြည်ထောင်စုနယ် မြေ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ မူပိုင်ခွင့်ရုံးခွဲများတွင်လည်း လာရောက်လျှောက်ထားနိုင်ပြီး လျှောက်လွှာပုံစံများကိုလည်း ipd.gov.mm တွင် သက်ဆိုင်ရာ မူပိုင်ခွင့်အမျိုးအစားအလိုက် အခမဲ့ဒေါင်းလုပ်ရယူနိုင်သည်။ လျှောက်ထားလိုသည့် နေ့ရက်ကိုလည်း www.ipd.gov.mm/appointment-form တွင် ကြိုတင် စာရင်းသွင်း၍ ရက်ချိန်းရယူနိုင်သည့်အတွက် မှတ်ပုံတင်လုပ်ငန်းစဉ်အတွက် အချိန်ကုန်သက်သာ၍ ပိုမိုထိရောက်သော ဝန်ဆောင်မှုကိုရရှိ စေမည်ဖြစ်သည်။

မူပိုင်ခွင့်ဦးစီးဌာနသည် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင် လျှောက်လွှာများ လက်ခံဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်း၊ အသိပေး အကြောင်းကြားစာပေးပို့ခြင်း၊ စစ်ဆေးရေးရလဒ်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာ မူပိုင်ခွင့်ရုံးများနှင့် မှတ်ပုံတင်စစ်ဆေးရေးရလဒ်များ ဖလှယ်ခြင်း စသည့်လုပ်ငန်းများကိုလည်း မူပိုင်ခွင့်မှတ်ပုံတင်လုပ်ငန်းများ စီမံခန့်ခွဲသည့် ဒီဂျစ်တယ်စနစ်များကို အသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးမှုအရှေ့ကို ပုံဖော်ကာ မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**မူပိုင်ခွင့်ဦးစီးဌာန၊ အိုင်တီဌာနခွဲ**

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ် ၃၈ သိန်းနီးပါးရှိ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးနှုန်းမှာ ကျပ် ၃၈ သိန်းနီးပါးဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ YGEA က သတ်မှတ် ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးနှုန်းမှာ ကျပ် ၃၆ သိန်းကျော်ဝန်းကျင်တွင် ကာလအတန်ကြာရှိနေခဲ့ရာမှ မတ် ၄ ရက်မှစတင်ကာ ကျပ် ၃၇ သိန်းကျော်ကို မြင့်တက်ရောက်ရှိလာခြင်းဖြစ်သည်။

လက်ရှိ ပြင်ပဈေးကွက်အတွင်း ရွှေဈေးနှုန်း မြင့်တက်နေမှုနှင့် ပတ်သက်၍ ဈေးကွက်အတွင်းရှိ ရွှေဆိုင်များ၊ ပြင်ပရွှေဝယ်ရောင်းသူများ အားလုံးအနေဖြင့် YGEA က နေ့စဉ် သတ်မှတ်ထုတ်ပြန်ပေးနေသည့် အခေါက်ရွှေဈေးနှုန်းအောက်တွင်သာ အရောင်းအဝယ် ပြုလုပ်ကြရန်၊ သတ်မှတ်ဈေးအတိုင်း အရောင်းအဝယ် မပြုလုပ်နိုင်ပါက ရွှေအရောင်းအဝယ် ရပ်ထားကြရန် အထူးသတိပေးကြောင်း YGEA က ထုတ်ပြန်ကြေညာထားသည်။

ပြင်ပ ရွှေဈေးကွက်အတွင်း အရောင်းအဝယ် ပြုလုပ်သူများအနေဖြင့် လက်ရှိတွင် ကောလဟာလ၊ အခြေအမြစ်မရှိသည့် သတင်းအမှားအမျိုးမျိုးကို အကြောင်းပြကာ ရွှေဈေးနှုန်းကို ဆွဲတင်၊ ဆွဲချလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဖြစ်စဉ်အကြောင်းရင်းအမှန်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိပြီး အရေးယူ ဆောင်ရွက်နေသည့်အတွက် ပြင်ပဈေးကွက်တွင် ရွှေဈေးကစားခြင်း မပြုလုပ်ကြရန် YGEA က ပန်ကြားထားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် YGEA ၏ ရွှေဈေးနှုန်းများအနေဖြင့် မတ် ၂၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၃၇၉၄၃၀၀၊ ၂၃ ရက်တွင် ကျပ် ၃၇၉၈၈၀၀၊ ၂၅ ရက်တွင် ကျပ် ၃၇၉၈၈၀၀၊ ၂၆ ရက်တွင် ကျပ် ၃၇၉၈၉၀၀၊ ၂၈ ရက်တွင် ကျပ် ၃၇၉၈၈၀၀ ဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါ ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများအနေဖြင့်လည်း မတ် ၂၂ ရက်တွင် တစ်အောင်စ ၂၁၆၉ ဒေါ်လာ၊ ၂၃ ရက်တွင် ၂၁၆၅ ဒေါ်လာ၊ ၂၅ ရက်တွင် ၂၁၆၆ ဒေါ်လာ၊ ၂၆ ရက်တွင် ၂၁၇၃ ဒေါ်လာ၊ ၂၈ ရက်တွင် ဒေါ်လာဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် အေးနေ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို ထိန်းချုပ်လျက်ရှိရာ လက်ရှိပြည်တွင်းငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားငွေလဲနှုန်း မြင့်တက်ခြင်း မရှိစေရန်အတွက် ဗဟိုဘဏ်အနေဖြင့် လက်ရှိတွင် Money Changer များကို ရှောင်တခင် ဝင်ရောက်စစ်ဆေးလျက်ရှိပြီး နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပါ အချက်များကို လိုက်နာမှုမရှိသည့် Money Changer များအား နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းလိုင်စင် ယာယီဆိုင်းငံ့ခြင်း၊ အပြီးရုပ်သိမ်းခြင်းတို့ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင်လည်း ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဟုဆိုကာ Money Changer ၁၀ ခုကို လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဆိုင်းငံ့ခြင်းများ ပြုလုပ်၍ အရေးယူ ဆောင်ရွက်ထားကြောင်း အသိပေးထုတ်ပြန်ထားသည်။**ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ် ၀ ဒသမ ၁၆၅ သန်း အရောင်းအဝယ်ဖြစ်

ယခု မတ်လ ၂၈ ရက်အထိ အချက်အလက်များအရ စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၀ ဒသမ ၁၆၂ ရှိခဲ့ပြီး အရောင်းအဝယ် ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၅၉၅၇၅၀ ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၁၅၉၆၀၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၁၅ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၅၄၉၅၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၆၅ သန်းရရှိခဲ့ကြောင်း သိရသည်။ အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစု ရှယ်ယာ အစောင်ရေ ၁၄၆၆၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၀၃ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ အစောင်ရေ ၂၈၆၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၃၅ သန်းရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၄၈၉၀၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၀၁ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ စောင်ရေ ၃၃၃၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၀၃ သန်းရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ စောင်ရေ ၉၀၃၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၀၀၂ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ အစောင်ရေ ၃၃၅၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးကျပ် သုည ဒသမ ၀၃၈ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၂၀၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၁၇၄ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၄ ခုနှစ်၊ မတ် ၂၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၀၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မတ် ၂၆ ရက်တွင် ကျပ် ၄၃၂၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ် တွင် USD၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD၆၇ဒသမ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မတ် ၂၁ ရက်မှ မတ် ၂၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် မတ် ၂၁ ရက် မှ ၂၀၂၄ ခုနှစ် မတ် ၂၆ ရက်ထိ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ ဖြစ်သည်။ အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်း (ဗဟိုဘဏ် သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက်ရှိသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၁-၃-၂၀၂၄ | ၂၂-၃-၂၀၂၄ | ၂၅-၃-၂၀၂၄ | ၂၆-၃-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၆.၀၆၀ | ၃၆.၄၀၅ | ၃၆.၄၂၀ | ၃၆.၃၃၀ | ၀.၇၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၄၀ | ၁.၃၄၈ | ၁.၃၄၇ | ၁.၃၄၄ | ၀.၃၀ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၇၁၅ | ၄.၇၄၀ | ၄.၇၂၅ | ၄.၇၂၀ | ၀.၁၁ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၆၆၀ | ၁၅၇၈၀ | ၁၅၇၉၈ | ၁၅၇၈၉ | ၀.၈၃ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၁၉၉ | ၇.၂၂၈ | ၇.၂၁၂ | ၇.၂၁၉ | ၀.၂၈ | ↑ |
| ၇ | Indian Rupee | INR | ၈၃.၁၄၅ | ၈၃.၃၄၃ | ၈၃.၄၈၆ | ၈၃.၃၃၀ | ၀.၂၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၁.၂၅၃ | ၁၅၁.၄၅၀ | ၁၅၁.၃၈၄ | ၁၅၁.၂၆၄ | ၀.၀၁ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၁၃ | ၁.၅၃၅ | ၁.၅၃၂ | ၁.၅၂၈ | ၀.၉၉ | ↑ |
| ၁၀ | Euro | EUR | ၀.၉၁၈ | ၀.၉၂၅ | ၀.၉၂၄ | ၀.၉၂၂ | ၀.၄၄ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၃ | ၀.၇၉၄ | ၀.၇၉၃ | ၀.၇၉၀ | ၁.၀၂ | ↑ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ မတ် ၂၁ ရက်မှ မတ် ၂၆ ရက်ထိ ရက်သတ္တပတ်အတွင်း ၃၆၇၀-၃၆၇၅ ကျပ်ကြားရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ်၊ မတ် ၂၇ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၉ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၂ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ % ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၂ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၄ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၆ ဖြင့် လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၂ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၅ ဖြင့် လည်းကောင်း အသီးသီး ရှိခဲ့ပြီး Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ် ဆန်၊ ဧည့်မထ (၅ %) ဆန်၊ ဧည့်မထ (၂၅ %) ဆန်ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ခဲ့ပြီး ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ပြည်ပဆန်တင်ပို့မှုသည် တန်ချိန် ၈ သန်းကျော်နှင့် အမေရိကန်ဒေါ်လာသန်း ၅ ဘီလီယံခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရပြီး ကမ္ဘာ့ဆန်ဈေးကွက်အဝင် ကျဆင်းနေချိန်တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်နှင့် အချို့သော ဈေးကွက်များသည် စားနပ်ရိက္ခာ ဖူလုံရေးအတွက် ဆန်ပိုမို တင်သွင်းကြ၍ ယခုနှစ်တွင် ဗီယက်နမ်ဆန်အတွက် အခွင့်အလမ်းကောင်း ဖြစ်စေကြောင်း သိရသည်။

ရာသီဥတုမကောင်း၍ ဆန်ဈေးကွက်အဝင် ကန့်သတ်မှုရှိခြင်း၊ အချို့သောနိုင်ငံများ၌ ဆန်တင်ပို့မှုကို တားမြစ် ကန့်သတ်ခြင်း၊ ဈေးကွက်ထဲတွင် ဝယ်လိုအား မြင့်တက်ခြင်းနှင့် ပင်လယ်နီရှိ ဟူသီအုပ်စုများ၏ တိုက်ခိုက်မှုများကြောင့် ရေကြောင်းသွားလာမှု အမျှင်ပြတ်ခြင်းတို့သည် ယခုနှစ် ကမ္ဘာ့ဆန်ဈေးကွက် ဈေးနှုန်းမြင့်မားရသည့် အကြောင်းရင်းတစ်ရပ် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန် ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ မှ ၁၁၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ မှ ၁၃၅၀၀၀ ပေါက်ဈေး ရှိသည်။ ဆန်ကြမ်း ဧည့်မထ ၂၅ မှတ်တန် ဆန် တစ်အိတ်လျှင် ကျပ် ၇၃၀၀၀ မှ ၇၅၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၇၉၀၀၀ မှ ၈၀၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၄ ခုနှစ်၊ မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန်တစ်အိတ်လျှင် ၂၈၉ ယွမ် ဝန်းကျင် ရှိပြီး (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၉၅ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရပြီး မြန်မာ -ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၀၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၇၀၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး မြစ်ကြီးနားမြို့တွင် ဧည့်မထဆန် တစ်ပြည် လျှင် ကျပ် ၃၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၈၈ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် မတ်လ နောက်ဆုံးအပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

## ဈေးကွက်ဝင် မြန်မာ့ကွမ်းသီးနပေါင်း

မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများတွင် ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ယခင်နှစ်ပေါင်းများစွာက ကွမ်းသီးအမှည့်အရင့်ကိုသာ ရောင်းဝယ်ခဲ့ကြသည်။ ယခုအခါတွင် ဈေးကွက်ဝယ်လိုအားရှိသော ကွမ်းသီးနများမှာ အရောင်းအဝယ်ဖြစ်၍ ကွမ်းသီးစိုက်တောင်သူများအတွက် များစွာ အထောက်အကူပြုလျက်ရှိသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် ကွမ်းသီးခြောက် တစ်ပိဿာနှင့် ကွမ်းသီးန တစ်ပိဿာ ဝယ်ယူဈေးနှုန်း တူညီသော်လည်း ကွမ်းသီးခြောက်(အခွံချွတ်) တစ်ပိဿာတွင် ကွမ်းသီးလုံး ၂၂၀ ခန့်နှင့် ကွမ်းသီးန(အခွံပါ) တစ်ပိဿာတွင် ကွမ်းသီး ၆၂ လုံးခန့်ရှိသည့်အတွက် ကွမ်းသီးန ရောင်းချခြင်းမှာ ကွမ်းသီးခြောက် ရောင်းချခြင်းထက် သုံးဆခွဲခန့် ပိုမိုရရှိနိုင်ပြီး၊ ယမန်နှစ် ကွမ်းသီးန ဈေးကွက်မှာ ကောင်းမွန်ခဲ့သဖြင့် ကွမ်းသီးမှည့်ချိန် ရောင်းချမှုထက် ကွမ်းသီးအစိမ်းနများ ရောင်းဝယ်မှု ပိုမိုကောင်းမွန်ပြီး ကွမ်းသီးစိုက် တောင်သူများ ဝင်ငွေပိုမိုရရှိခဲ့ကြောင်း သိရှိရသည်။

ကွမ်းသီးနပေါ်ချိန် ယခင်နှစ်က ကုမ္ပဏီ ဝယ်ဈေးမှာ တစ်ပိဿာ ကျပ် ၄၀၀၀ မှ ၄၅၀၀ ထိဖြစ်ခဲ့ပြီး ယခုနှစ်ဝယ်ဈေးမှာ ကျပ် ၁၀၀၀ ဖြင့် စတင်ဝယ်ယူလျက်ရှိသည်။ ကွမ်းသီးနစိမ်းများ မတ်လလယ်တွင် စတင်ထွက်ရှိကာ ဇွန်လလယ်အထိ ဝယ်ယူရရှိ နိုင်ပြီး ထွက်ကာစ ဈေးနှုန်းထက် အသီးကုန်ခါနီးချိန်တွင် ဈေးပိုမိုရရှိကြောင်း သိရသည်။

ကွမ်းသီးစိမ်းအနုကို ကွမ်းသီးပင် စတင်သီးချိန်၊ အရည်နုများ စတင်တည်ချိန်၊ အရွယ်အစားလုံးပတ်အချင်းတစ်လက်မခန့်၊ အလေးချိန် 20 g နှင့် 30 g အကြားတွင် ရောင်းချကြသည်။ အဝိုင်းသီးနှင့် အချွန်သီး ပုံစံနှစ်မျိုးဖြင့် သီးလေ့ရှိပြီး အချွန်သီး(အရှည်သီး)သာ အရောင်းအဝယ်ဖြစ်သည်။ ကွမ်းသီးအနုများကို မီးအပူဖြင့် ပေါင်း၍ အခြောက်ခံပြီး တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရောင်းချကြသည်။

ကွမ်းသီးစိမ်းအနုများကို ဝယ်ယူ၍ ကွမ်းသီးနပေါင်း ထုတ်လုပ်လျက်ရှိသော မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်(၁) (အတ္တရံစက်မှုဇုန်)အတွင်းရှိ ကုမ္ပဏီမှ ပေါင်းဖိုတစ်ဖိုလျှင် ကွမ်းသီးန ရှစ်တန်၊ ဖိုပေါင်း ၁၀ ဖိုမှ တန် ၈၀ ပေါင်းခံထုတ်လုပ်နိုင်ကြောင်း၊ တစ်ကြိမ်ပေါင်းလျှင် ၄ ရက်ခွဲခန့် ကြာမြင့်ပြီး ကွမ်းသီးန တန် ၈၀ ပေါင်းပါက ကွမ်းသီးနခြောက် တန် ၂၀ ရရှိကြောင်း သိရှိရသည်။ ထွက်ရှိသော ကွမ်းသီးနခြောက်များအား ကုန်ချောထုတ်လုပ်နိုင်ခြင်းမရှိဘဲ အအေးခန်းများတွင် သိုလှောင်၍ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Khin Zaw**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် အီဂျစ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၈ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်း၊ တူကီယဲ (တူရကီ) နိုင်ငံတွင် ၃ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဖင်လန်နိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၂ နိုင်ငံရှိကြောင်း တွေ့ရသည်။

လာအို၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ဂျပန်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဘရာဇီး၊ နော်ဝေ၊ တောင်အာဖရိက၊ ဂျော်ဒန်၊ ပိုလန်နှင့် အိုက်စလန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် မတ် ၂၅ ရက် ဖော်ပြချက်၌ တွေ့ရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ခရိုအေးရှား၊ ချက်၊ ဩစတြေးလျနှင့် ဘူလ်တန်အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင် နှုန်းမှ ၁ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သုညဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် အီဂျစ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၂၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး နိုင်ဂျီးရီးယားနိုင်ငံတွင် ၉ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖင်လန်နိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိကြောင်း တွေ့ရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အာဂျင်တီးနား၊ ကင်မရွန်း၊ ဂွါတီမာလာ၊ အိုက်စလန်၊ ဂျော်ဒန်၊ ကင်ညာ၊ ပီရူးနှင့် တောင်အာဖရိက စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၆ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း Global Petrol Prices Website ၏ ဖော်ပြချက်၌ တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ လက်ဘနွန်၊ ပိုလန်၊ ဂျာမနီ၊ နယ်သာလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ၊ ဘူလ်တန်နှင့် ခရိုအေးရှား အပါအဝင် နိုင်ငံပေါင်း ၂၀ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၉၀ ရာခိုင် နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် မတ်လ ၂၅ ရက်နေ့ ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၄၁ | ၁.၁၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၂ | ၁.၀၂ |
| ၃ | ထိုင်း | လီတာ | ၁.၃၁ | ၀.၈၂ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၀ | ၀.၈၆ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၄ | ၁.၉၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၂၈ | ၁.၀၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၂ | ၁.၀၆ |
| ၉ | လာအို | လီတာ | ၁.၄၅ | ၀.၉၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၈ | ၁.၀၅ |
| ၂ | ဂျပန် | လီတာ | ၁.၁၅ | ၁.၀၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |


ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ်၊ မတ် ၂၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၇၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၂၉၀၀၊ ဒီဇယ် တစ်လီတာလျှင် ၂၄၃၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာ လျှင်ကျပ် ၂၄၈၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရ သည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၃၇၂ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၉၂၅ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၂၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၅၄၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၉၀၀၊ ဒီဇယ် တစ်လီတာလျှင် ၂၄၃၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၉၁၀၊ ဒီဇယ် တစ်လီတာလျှင် ၂၄၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၅၅ ကျပ် မြင့်တက်ခဲ့သော်လည်း ဒီဇယ်ဈေးနှုန်းမှာ တည်ငြိမ်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

### ဘိလပ်မြေ

မော်လမြိုင်မြို့၌ မတ်လစတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ ဈေးနှုန်း အနည်းငယ် မြင့်တက်လာပြီး အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရသည်။ ယခင်တစ်ပတ်က ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၁၅၀၀၊ ကြံ့တံဆိပ်(အပြာ)ကျပ် ၁၁၂၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၀၉၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၃၂၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၂၀၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၁၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေသည်။



### ဓာတ်မြေသြဇာ

မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ ဈေးနှုန်းတည်ငြိမ်နေပြီး အရောင်းအဝယ် ပုံမှန်ရှိနေသည်။

မတ်လစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာ ရွှေကောမက်) 15:15:15 50kg ပါတစ်အိတ် ကျပ် ၁၁၅၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ် ကျပ် ၁၁၀၀၀၀၊ ကွန်ပေါင်း(Thai Grow How) 15:15:15 50kg ပါတစ်အိတ် ကျပ် ၁၆၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ် ကျပ် ၇၈၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ် ကျပ် ၈၅၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်း ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်း ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

### ရော်ဘာ

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန် ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၆၅၀ ရှိခဲ့ပြီး မတ် ၂၅ ရက်မှ ၃၁ ရက်ထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၇၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၄၀ ခန့် ဈေးနှုန်းတက်လာခဲ့သည်။

မတ်လတတိယပတ်မှစ၍ ရော်ဘာပင်များ အရွက်ကြွေနေပြီဖြစ်သဖြင့် ရော်ဘာခြံရှင်များအနေဖြင့် ရော်ဘာအစေးခြစ်ခြင်းကို ရပ်နားထားခြင်းကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာခြင်းဖြစ်သည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50 kg ပါ တစ်ထုပ်လျှင် ကျပ် ၁၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၅၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 kg ပါ တစ်ထုပ်လျှင် ကျပ် ၃၀၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၆၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ် (မွန်)**

## မတ်လအတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှု အခြေအနေ

**ရော်ဘာ**

မတ်လ ၁ ရက်မှ ၂၂ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၆၇၂ သန်း တန်ဖိုးရှိရော်ဘာတန်ချိန် ၂၄၆၀၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုများအနေဖြင့် တရုတ်နိုင်ငံသို့ တန်ချိန်၁၆၀၆၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၅၀၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၂၂၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၆၀၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၉၈၇ တန်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၃၆၀၊ သိရိလင်္ကာနိုင်ငံသို တန်ချိန် ၂၀၀ကျော်၊ ကိုရီးယားနိုင်ငံသို့ တန်ချိန် ၁၀၀ ကျော်နှင့် ထိုင်ဝမ်သို့လည်း တန်ချိန် ၁၀၀ ကျော်တင်ပို့ခဲ့သည်။

မတ်လ ၁ရက်မှ တတိယပတ်ထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၁ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၅၁၀ ကျော်တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်း တန်ချိန် ၂၆၁၀၀ ကျော်ရှိပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇၂၃ သန်းရရှိကြောင်း သိရသည်။

**ပြောင်း**

မတ် ၁ ရက်မှ ၂၂ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၄၃၉ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၄၇၁၄၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၁၇၅၂၃၀ ကျော်တင်ပို့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်း ၇၁၉၀၇ တန်တင်ပို့မှုရှိကြောင်း သိရသည်။

မတ်လ ၁ ရက်မှ ၂၂ ရက်ထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၇၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၄၈၇၄၀ ကျော်တင်ပို့မှုရှိကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု စုစုပေါင်း တန်ချိန် ၂၉၅၈၈၀ ရှိပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၆၈ ဒသမ ၆၀၉ သန်း ရရှိသည်။

**DAAT**

## မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန် ၏ ၂၀၂၄ ခုနှစ် မတ် ၁၆ ရက်မှ ၂၂ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၀၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၂၁ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈၂၉ သ န်းဖြစ်သည်။

အနီးစပ်ဆုံးကာလဖြစ်သော ယခင်တစ်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၄ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၅၇ သန်းပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၀၁ သန်းပိုမိုခဲ့သည်။

ယခုတစ်ပတ် ပို့ကုန်ပိုင်းတွင်ပိုမိုခြင်းမှာ အခြားပစ္စည်းအုပ်စုမှ တင်ပို့မှု လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုနှင့် စက်မှုကုန်ချောပစ္စည်းအုပ်စုတို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်အနေဖြင့် ယခုပတ်တွင် ပိုမိုခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇၆ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၇ သန်းနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ဒသမ ၅၂၄ သန်း ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

## မတ်လအတွင်း ပဲတန်ချိန် တစ်သိန်းငါးသောင်းကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ်လ ၁ ရက်မှ ၂၂ ရက်ထိကာလအတွင်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ တင်ပို့မှုများမှာ တန်ချိန် ၁၅၆၇၀၀ နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၄၄၈ သန်းဖိုးဖြစ်သည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၄၈၈၂၀ ခန့်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၀၈ သန်းဖိုးဖြစ်သည်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၄၀၈၇၀ ကျော်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၁၄၀၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၂၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၅၆၀ ကျော်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၈၇၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၈၂၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၇၅ တန်နှင့် ယူအေအီးနိုင်ငံများသို့ တန်ချိန် ၄၂၀ ကျော်တင်ပို့ပြီး ဂျပန်နိုင်ငံ၊ အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

**ပဲတီစိမ်း**

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပဲတီစိမ်းတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၉၅၉ သန်းဖိုးနှင့် တန်ချိန် ၈၁၇၈၀ ကျော်ဖြစ်သည်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ တန်ချိန် ၆၆၅၆၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၆၃၃၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၃၇၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၈၂၀ ကျော်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၆၂၀ ကျော်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၄၆၀ နီးပါး၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၇၀ နီးပါး၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၄၀ ခန့်နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၉၈၁ သန်းတန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၂၆၁၀၀ ကျော် တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၂၅၇၃၀ ခန့်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၃၀ နှင့် ယူအေအီးနိုင်ငံများသို့ တန်ချိန် ၂၅၀ တင်ပို့ခဲ့သည်။

မတ်လအတွင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတန်ချိန် စုစုပေါင်း ၁၅၆၇၀၀ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

**CJ**

## တစ်ပတ်အတွင်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေသြဇာ**

မတ် ၁၆ ရက်မှ ၂၂ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၃၃သန်းတန်ဖိုးရှိဓာတ်မြေသြဇာတန်ချိန် ၂၆၀၀၀ ကျော် တင်သွင်းခဲ့သည်။

တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၅၀၀၀ ကျော်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၅၀၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၄၀၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ဖင်လန်နိုင်ငံမှ တန်ချိန် ၄၀၀ ကျော်၊ မလေးရှားနိုင်ငံမှတန်ချိန် ၂၅၀ ကျော် တင်သွင်းခဲ့ပြီး အနီးစပ်ဆုံးကာလ နှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေသြဇာ တန်ချိန် ၈၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်းသိရသည်။

**ဘိလပ်မြေ**

မတ် ၁၆ ရက်မှ ၂၂ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၀၀ ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဘိလပ်မြေ တန်ချိန် ၇၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်မှ မတ် ၁၆ ရက်မှ ၂၂ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄၁ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၅၃၀၀ ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၁၀၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

မတ် ၁၆ ရက်မှ ၂၂ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၃၅ သန်းတန်ဖိုးရှိဆေးဝါးပစ္စည်းများ တန်ချိန် ၄၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရက်စ်၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်မှ မတ် ၁၆ ရက်မှ ၂၂ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၈ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၂၀၀ ခန့် တင်သွင်းခဲ့သည်။

တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၁၀၀ ကျော်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၆၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဆေးဝါးပစ္စည်း တန်ချိန် ၃၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**



## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် မတ် ၁၆ ရက်မှ ၂၂ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉၈ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၆ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၈၄ သန်း ဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၅ သန်းလျော့နည်းပြီး သွင်းကုန်တွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၁ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၄ သန်း လျော့နည်းခဲ့သည်။

ပို့ကုန်ပိုင်း တွင် ယခင်ပတ်ထက် ကော်ဖီစေ့၊ လက်ဖက်ခြောက်၊ ငရုတ်သီးခြောက်၊ Aromatic Ginger၊ စကျင်ကျောက်၊ စက္ကူဖြတ်စ ပိုမိုတင်ပို့ခဲ့သော်လည်း ပြောင်း၊ လိမ္မော်သီး၊ ကြက်သွန်နီ၊ ထောပတ်သီး၊ တံမြက်စည်းနှင့် ပလတ်စတစ်ဖြတ်စတို့ လျော့နည်းတင်ပို့ခဲ့ခြင်းကြောင့် ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းဖြစ်သည်။

ယခင်ပတ်ထက် သွင်းကုန်ပိုင်းတွင် ပိုမိုခြင်းမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ အခြားပစ္စည်းများ လျော့နည်းတင်သွင်းခဲ့သော်လည်း ဘိလပ်မြေ၊ စက်နှင့်စက်ပစ္စည်း၊ ရေနံထွက်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ အခြားစက္ကူများ၊ တာယာနှင့်ကျွတ်များ၊ ဆပ်ပြာ၊ မီးဖိုချောင်သုံးပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

MEGA MAIN
Real Estate

# NEVER STOP DREAMING

Managed by John Lwin

| | |
|---|---|
| Jay Jay | : +959 650 033 933 \| +669-7195-2076 (Yangon & Thailand) |
| Ko Min | : +666 2714 8675 (Thailand) |
| Zin Ko Ko | : +959 254 049 536 (Yangon) |
| Thet Paing Oo | : +959 971 552 213 (Yangon) |

- တိုက်၊ အိမ်၊ ခြံ၊ မြေ များနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု မှန်ကန်ခြင်း ရှိ/မရှိ ရောင်းသင့်/မရောင်းသင့်၊ ဝယ်သင့်/မဝယ်သင့်များကို နေရာဒေသ အလိုက် ကာလ ပေါက်ဈေးအတိုင်း တန်ဖိုးဖြတ် အကြံပေးခြင်း။
- ပြည်တွင်းဝန်ဆောင်မှုများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး များနှင့် ပြည်နယ်များ အားလုံးရှိ မြေကွက်၊ လုံးချင်း၊ စက်မှုဇုန်၊ ကွန်ဒို နှင့် တိုက်ခန်းများ အတွက် ရောင်း/ဝယ်ခြင်း ကိစ္စရပ်များကို ဝန်ဆောင်မှုပေးခြင်း။
- ပြည်ပဝန်ဆောင်မှုများအနေဖြင့် ထိုင်းနိုင်ငံမှ ကွန်ဒိုဝယ်ယူ /ငှားရမ်းမှု များကို လူကြီးမင်း တို့၏ လိုအပ်ချက်များနှင့်အညီ စိတ်တိုင်းကျဖြစ်အောင် ကူညီ ဆောင်ရွက်ပေးခြင်း။
- ရောင်း/ ဝယ် စာချုပ်များကို ကုမ္ပဏီ၏ ကျွမ်းကျင်သော ဥပဒေပညာရှင် များက ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုပေးခြင်း။
- အိမ်/ခြံ/မြေ ဆိုင်ရာ ဥပဒေအကြံပေးခြင်းနှင့် စာချုပ်စာတမ်းချုပ်ဆိုခြင်း များကို မှန်ကန်ခိုင်မာမှု ရှိစေရန်နှင့် အမည်ပေါက် ရရှိအောင် တာဝန်ယူဆောင်ရွက်ပေးခြင်း။ ဂျာနယ် သတင်းစာ facebook စာမျက်နှာတို့တွင် အခမဲ့ကြော်ငြာပေးခြင်း။

MEGA MAIN Real Estate


အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555


SINOPEC
Authorized Distributor: 777-1 EXPORT IMPORT COMPANY LIMITED
Yangon:
No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-454511112,454511113,454511114
Mandalay:
PaPa(21/1), Corner of 135 (Yaw Min Gyi) Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117




မင်းမဟော် ကုမ္ပဏီမှ ထုတ်လုပ်သော စိုက်ပျိုးရေးဆေးများကို
အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။
မင်းမဟော်
CERTIFIED ISO 9001:2015 COMPANY
CERTIFICATE NO. 740467
တောင်သူ ပြုံးပျော် မင်းမဟော်
NO TWO
ဆက်သွယ်ရန်လိပ်စာ - အမှတ် (၄၃)၊ သီရိမင်္ဂလာ (၇) လမ်း၊ အမှတ် (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း) ၀၁ ၅၃၆၁၂၇၊ ၀၁ ၅၃၁၁၂၆



Vito SOY
နေ့ရက်တိုင်းမှာအာဟာရပြည့်ဝစေဖို့ Vito ပဲနို့
STRAWBERRY SOY MILK
HIGH PROTEIN
DOUBLE MILK ADDED
CLASSIC SOY MILK
ပဲနို့
HIGH PROTEIN
DOUBLE MILK ADDED
CHOCOLATE SOY MILK
HIGH PROTEIN
SOYMILK


FOO FOO
WATCH MYANMAR
: Ygn Address - Golden link condo, Building C, Ground floor, Shop 5A
: 09760623496, 09441425225
: Mdy Address : 42x 67-68st, Mandalay
: 09455949864, 09977806690
FOO FOO
WATCH MYANMAR


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
VANGUARD
min min maung Services Co.,Ltd
မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အညီ သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁၉/၂၀) , ပြည်လမ်းမကြီး၊ နာနတ်တောဂုံးကျော်နှင့် လှည်းတန်းဂုံးကျော်ကြား၊ (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585


ANT
Aye Nyein Thar Co., Ltd
Speedy Move To Future With Us
ပြည်ပမှ တိုက်ရိုက်တင်သွင်းသော အရည်အသွေးမြင့် စက်သုံးဆီ အမျိုးမျိုးအား ဈေးနှုန်းချိုသာစွာဖြင့်
ဝယ်ယူအားပေးသူများစိတ်တိုင်းကျ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည်
Fuel Station
Aye Nyein Thar Company Limited
No.51(C), University Avenue Road, Shwe Taung Kyar (1)ward, Bahan Township, Yangon.
Tel: +95-9-5108291, +95-9-765485405, +95-9-750228889 Web : www.ayenyeinthar.com , E-Mail : admin.hr@ayenyeinthar.com
Htet Ekari Fuel Station
1. No(2) Main Road, Shan Tae Gyi Upper Village, Hlegu Township. Tel: +95-9-762100989
2. Yangon-Mandalay Highway Road, Taung Gyi Kwe Village, Intagaw City. Tel: +95-9-782067900
3. Lower Mingalardon Road, Tar Sone, Shwe Pyi Thar Township.
Tharaphu Fuel Station
1. Danyin Gone Railway Road, Insein Township. Tel: +95-9-457195400
2. Yangon-Mandalay Highway Road, Oktwin Township, Taungoo. Tel: +95-54-25316

# တရုတ်နိုင်ငံသို့ GACC နည်းလမ်းဖြင့် မွေးမြူရေး ရေငန်ပုစွန် စတင် တင်ပို့

မြန်မာ့မွေးမြူရေး ရေထွက်ကုန်ဖြစ်သည့် ရေငန်ပုစွန်ကို တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နည်းလမ်းဖြင့် ယင်းနိုင်ငံသို့ စတင် တင်ပို့နိုင်ပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မွေးမြူရေး ရေထွက်ကုန် တင်ပို့ခွင့်နှင့်ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အတွင်း သက်ဆိုင်ရာတာဝန်ရှိသူ များနှင့် လက်မှတ်ရေးထိုးထားပြီးဖြစ်ကာ အဓိကအားဖြင့် ရေငန်ပုစွန်ဖြူ တင်ပို့ရန်အတွက် ကုမ္ပဏီခြောက်ခုမှ တင်ပို့ခွင့် မှတ်ပုံတင် အောင်မြင်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မှတ်ပုံတင်ခွင့် အောင်မြင်ထားသည့် ကုမ္ပဏီများထဲမှ ပထမဆုံးသော ကုမ္ပဏီတစ်ခုက ယခုမတ်လ ဒုတိယပတ်မှ စတင်ကာ ရေငန်ပုစွန် တန်ချိန် ၁၂၄ တန်၊ အမေရိကန်ဒေါ်လာ သုံးသိန်းခုနစ်သောင်း နှစ်ထောင်ကျော်ကို တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေနှင့် မွေးမြူရေးရေထွက်ကုန် တင်ပို့မှု လမ်းကြောင်းအနေဖြင့် ရေကြောင်းကုန်သွယ်မှုမှ ကွန်တိန်နာများနှင့် အေးခဲပုစွန်များကို တင်ပို့နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာ့ရေထွက်ကုန် တင်ပို့မှု၏ အဓိကဈေးကွက်တစ်ခုဖြစ်ပြီး ပြည်တွင်းရေထွက်ကုန်၏ ၃၀ ရာခိုင်နှုန်းကို တင်ပို့နေခြင်းဖြစ်ကာ လက်ရှိတွင် သဘာဝရေထွက်ကုန် တင်ပို့နေသည့်ကုမ္ပဏီ စုစုပေါင်း ၆၀ ကျော်ရှိကြောင်း သိရသည်။

**ပန်းဆု**



# ကော်ဖီတန်ချိန် ၂၀၀၀ ခန့် ပြည်ပတင်ပို့နိုင်ရန် မျှော်မှန်းထား

ယခု ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရသည်။

အဆိုပါ မျှော်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရန် အတွက် အသင်းအနေဖြင့် လက်ရှိ၌ လိုအပ်သည့် ပြင်ဆင်မှုများကို လုပ်ဆောင်နေကြောင်း သိရသည်။

"အခုက ကော်ဖီခူးဆွတ်တဲ့ ရာသီဆိုတော့ တော်တော်များများမှာလည်း ခူးပြီးနေပြီ။ ပုံမှန်ဆိုရင် ဧပြီ၊ မေ၊ ဇွန်လမှာ ပြည်ပကိုတင်ပို့ပါတယ်။ ပြည်ပဈေးကွက် ရရှိထားတာကတော့ အာရေဗီးကားကော်ဖီပါ။ ရိုဘတ်စတာကော်ဖီ အမျိုးအစားကတော့ ပြည်တွင်းဈေးကွက်မှာ သုံးစွဲမှုများပါတယ်" ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက မတ် ၂၇ ရက်တွင် ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဧပြီ၊ မေနှင့် ဇွန်လများအတွင်းက တရုတ်နှင့် ထိုင်းနိုင်ငံသို့ ကော်ဖီတန်ချိန် ၁၀၀၀ နှင့် ၁၅၀၀ ကြား တင်ပို့ထားပြီး ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှလည်း ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အခြား အာရှနိုင်ငံများသို့ ကော်ဖီ တန်ချိန် ၅၀၀ နှင့် ၈၀၀ ကြား တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဧက လေးသောင်းဝန်းကျင်ရှိကာ နှစ်စဉ်တန်ချိန် ၈၀၀၀ နှင့် တစ်သောင်းကြားထွက်ရှိကြောင်း သိရသည်။ မြန်မာ့ကော်ဖီ အထွက်တိုးစေရန်အတွက် အသင်းအနေဖြင့် လက်ရှိတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချို၊ ရွာင်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် စသည့် ဒေသများတွင် ကော်ဖီဇုန်များ သတ်မှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ကော်ဖီစိုက်ပျိုးရေး လုပ်ငန်းများကို ရှမ်းပြည်နယ်တွင် ဧက ၂၇၀၀၀ ဖြင့် အများဆုံး၊ ကရင်ပြည်နယ်တွင် ၁၀၀၂၉ ဧကဖြင့် ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဧက ၅၀၀၀ ကျော်ဖြင့် တတိယအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**ပန်းဆု**

# လာမည့် ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် တိုးမြှင့်တင်ပို့မည်

လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် တိုးမြှင့်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

အသင်းအနေဖြင့် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပ သို့ ရော်ဘာတန်ချိန် တစ်သိန်းခွဲကျော် တင်ပို့ထားပြီး လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် သုံးသိန်းခွဲခန့်အထိ တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့ မြန်မာ့ရော်ဘာ တင်ပို့ရာတွင် ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကတစ်ဆင့် တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းကထွက်ရှိသည့် ရော်ဘာများကို တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ် စသည့် အာရှနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ ၇၅ ရာခိုင်နှုန်း တင်ပို့ထားကြောင်း သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးထားပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန် ချိန်စုစုပေါင်း နှစ်သိန်း ဝန်းကျင်ထွက်ရှိကာ ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေပြီး ကျန်ရှိသည့် ၈ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ သုံးစွဲလျက်ရှိကြောင်း သိရသည်။ **ပန်းဆု**



| ၁-၃-၂၀၂၄ မှ ၂၈-၃-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
|---|---|---|---|---|---|---|---|
| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1402 | 21 | - | - | 2 | 1425 |
| | Form AANZ | 29 | 1 | - | - | - | 30 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 491 | 7 | - | - | 1 | 499 |
| | Form AJ | 51 | 1 | - | - | - | 52 |
| | Form AK | 449 | 1 | - | - | - | 450 |
| | Form CHINA | 2 | - | - | - | - | 2 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 32 | 1 | - | - | - | 33 |
| | Form E | 1332 | 23 | - | - | - | 1355 |
| | Form Korea | 128 | 6 | - | - | - | 134 |
| | E Form D | 906 | - | - | - | - | 906 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4823 | 61 | - | - | 3 | 4887 |

# မွန်ပြည်နယ်၏ အခြေခံစားကုန်ဈေးနှုန်းများ အခြေအနေ

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ၂၀၂၄ ခုနှစ် မတ်လ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော အခြေခံစားကုန်ဈေးနှုန်း အခြေအနေများမှာ ပေါ်ဆန်း(စပါး-သစ်) တစ်တင်း ကျပ် ၃၄၀၀၀၀၀၊ ပေါ်ဆန်း(ဆန်-သစ်)တစ်အိတ် ကျပ် ၁၂၂၀၀၀၊ ပေါ်ဆန်း(ဆန်-သစ်) တစ်ပြည် ကျပ် ၅၃၀၀၊ ဧည့်မထ(စပါး-သစ်)တစ်တင်း ကျပ် ၂၄၃၀၀၀၀၊ ဧည့်မထ (ဆန်-သစ်)တစ်အိတ် ကျပ် ၇၉၀၀၀၊ ဧည့်မထ (ဆန်-သစ်)တစ်ပြည် ကျပ် ၃၅၀၀၊ မြေပဲဆီ တစ်ပိဿာကျပ် ၁၆၀၀၀၊ နေကြာဆီ တစ်ပိဿာ ကျပ် ၁၄၀၀၀၊ ကြက်သွန်နီ (အသစ်) တစ်ပိဿာ ကျပ် ၃၅၀၀၊ ချင်းတစ်ပိဿာ ကျပ် ၇၀၀၀၊ ကြက်သွန်ဖြူ (ရှမ်းစ) ကျပ် ၁၄၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) ကျပ် ၁၂၀၀၀၊ ဆားတစ်ပိဿာ ကျပ် ၈၀၀၊ အာလူးတစ်ပိဿာ ကျပ် ၃၀၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၆၀၀၀၊ ငရုတ်ခြောက်(ရှည်) တစ်ပိဿာ ကျပ် ၁၃၅၀၀၊ နနွင်းတက် တစ်ပိဿာ ကျပ် ၈၀၀၀၊ ပဲနီလေး တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၇၀၀၀၊ မြေပဲဆန် တစ်ပိဿာ ကျပ် ၁၁၀၀၀၊ သကြား တစ်ပိဿာ ကျပ် ၅၀၀၀၊ မွေးမြူရေးကြက် တစ်ပိဿာ ကျပ် ၁၃၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၁၆၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၃၀၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၁၇၀၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၁၇၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ငါးခူ တစ်ပိဿာ ကျပ် ၁၂၀၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ကြက်ဥ/ဘဲဥ တစ်လုံး ကျပ် ၂၃၀ မှ ၃၃၀ အတွင်း၊ ကန်စွန်းရွက်တစ်စည်း ကျပ် ၂၀၀၊ ဂေါ်ဖီထုပ်တစ်ထုပ် ကျပ် ၁၅၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၅၀၀ နှင့် ပဲတောင့်ရှည် တစ်စည်း ကျပ် ၅၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်ကြည်(မွန်ပြည်နယ်)**

# "အရင်တုန်းကထက်စာရင် မြန်မာ့ရိုးရာချည်ထည်တွေကို အသုံးပြုမှု ပိုပြီးများလာတယ်"

## ဘိလပ်ပြန် ချည်ထည်ဆိုင်ပိုင်ရှင် ဒေါ်ပန်းအိကိုနှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ နှစ်သစ်အကြို သင်္ကြန်နှင့် ဈေးရောင်းပွဲတော်ကြီးကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကရဝိက်အနီးရှိ ကန်သာယာ ဈေးဝယ်စင်တာ (Shopping Mall) ၌ ကျင်းပခဲ့သည်။ အဆိုပါ ဈေးရောင်းပြပွဲတွင် အသေးစား၊ အလတ်စား လုပ်ငန်းအများအပြား ဝင်ရောက်ပြသခဲ့ရာ MSME အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ဈေးကွက်ထိုးဖောက်ရှာဖွေမှု အခြေအနေ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် အခြေအနေများနှင့်စပ်လျဉ်း၍ ဘိလပ်ပြန် ချည်ထည်ဆိုင်ပိုင်ရှင် ဒေါ်ပန်းအိကိုနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ပြည်တွင်းဈေးကွက်မှာ ဘယ်လိုမျိုး မြန်မာ့ရိုးရာချည်ထည်တွေကို ဖြန့်ဖြူးလျက်ရှိပါသလဲ။**

အစ်မတို့က အင်းမဆေးလုံချည် ချည်ထည်တွေကို အဓိက ထုတ်လုပ်ဖြန့်ချိပါတယ်။ အင်းမဆေးလုံချည်နဲ့ ချည်ထည်တွေကို တစ်နိုင်တစ်ပိုင် ထုတ်လုပ်ပြီးတော့ ဖြန့်ချိပေးနေတာဖြစ်ပါတယ်။ ချည်ထည်က အရင်တုန်းကဆိုရင်တော့ ရိုးရာချည်ထည်တွေက ဒီဇိုင်းတွေ ကာလတွေက ရိုးရှင်းပါတယ်။ အခုနောက်ပိုင်းမှာတော့ အဆင်၊ ဒီဇိုင်းကာလာတွေ အကုန်လုံးကို ပိုပြီးတော့ ဆန်းသစ်လာအောင် နောက်ပြီးတော့ အရင်တုန်းက ရိုးရာတွေကိုလည်း မပျက်စီးရအောင် နှစ်ခုပေါင်းပြီး update လုပ်ပြီးတော့ ထုတ်လုပ်ပါတယ်။ ဒါကတော့ အဆင်ဒီဇိုင်းပိုင်းပါ။ အသုံးပြုတဲ့ ချည်သားကုန်ကြမ်းကကျတော့ အိန္ဒိယကနေပြီးတော့ အကောင်း ဆုံးချည်ထည်ကို ပြည်တွင်းကိုတင်သွင်းပြီးတော့ အဲဒီချည်ထည်တွေနဲ့ ပြန်ပြီးတော့ရက်တယ်။ အရင်တုန်းက ချည်သားဆိုရင် ရေကျုံ့သွားတာတို့ အရောင်ကျသွားတာတို့က အရမ်းမြန်တယ်။ အခုနောက်ပိုင်းကကျတော့ Update လုပ်ပြီး နည်းပညာ ထပ်ပေါင်းထားတာဖြစ်တဲ့အတွက် ရေအရမ်းကျတာ၊ ရေကျုံ့တာမျိုး အရောင်လွင့်တာတွေ မဖြစ်တော့ဘူး။ အဲလိုမျိုးလေးတွေ Update လုပ်ထားပါတယ်။

**ကုန်ကြမ်း ရရှိမှုအပိုင်းမှာကော ဘယ်လိုအခက်အခဲတွေရှိပါသလဲ။**

ကုန်ကြမ်းကကျတော့ ကျွန်မတို့က တခြားကနေ တင်သွင်းတာဖြစ်တဲ့အတွက် ငွေကြေးပိုင်း မတည်ငြိမ်ရင်အခက်အခဲဖြစ်တဲ့ ကိစ္စလေးတွေရှိတယ်။ ဒါပေမယ့် ပြည်တွင်းမှာ လိုအပ်တဲ့ ပစ္စည်းတွေကို အချိန်မီရရှိနိုင်အောင် အဘက်ဘက်ကနေ ကြိုးစားပြီးတော့ တင်သွင်းပေးပါတယ်။

**ပြည်တွင်းမှာ မြန်မာ့ရိုးရာချည်ထည်တွေရဲ့ ဈေးကွက်တွင်ကျယ်မှု အခြေအနေ ဘယ်လိုရှိပါသလဲ။**



အခုနောက်ပိုင်းမှာ ဈေးကွက်အခြေအနေက အရင်တုန်းကထက်စာရင် မြန်မာ့ရိုးရာချည်ထည်တွေကို အသုံးပြုမှုက ပိုပြီးများလာတယ်။ ဒါကဝမ်းသာစရာပါ။ အင်းမဆေးလုံချည်တွေက ရွှေတောင်ကလည်းထွက်တယ်။ အခုဆိုရင် ရောင်းချတဲ့ ဆိုင်တိုင်းကလည်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်တယ်။ လူများများပိုသိအောင် လုပ်ကြတယ်။ နောက် ကိုယ့်အဆင်ဒီဇိုင်းတွေကို လှသထက်လှအောင် ဝိုင်းလုပ်နေကြတဲ့အခါမှာ ပိုပြီးတော့ တိုးတက်လာတယ်။ အဲဒီလိုပဲ ချည်သားသုံးစွဲတဲ့သူကလည်း မြင့်တက် လာတယ်။ အခုနောက်ပိုင်းဆိုရင် အကုန်ကလည်း မြန်မာ့ရိုးရာချည်ထည် ထွက်ကုန်ကို အားပေးကြမယ်ဆိုတဲ့စိတ်နဲ့ အသုံးပြုလာတာ တွေ့ရပါတယ်။ အခမ်းအနားတွေမှာလည်း ဒီဝတ်စုံနဲ့ ပွဲတက်မယ်ဆိုလို့ရှိရင် တင့်တယ်တယ်လို့ခံယူထားကြတယ်။ ချည်ထည်ကြိုက်တဲ့သူတွေ ပိုများလာအောင်လည်း ပိုကြိုးစားလျက်ရှိပါတယ်။ ဝတ်တဲ့သူတွေအနေနဲ့ကလည်း မြန်မာ့ရိုးရာ ချည်ထည်ကို အားပေးကြမယ်ဆိုတဲ့ စိတ်နဲ့ ပိုပြီးတော့သုံးစွဲလာတာတွေလည်း တွေ့ရပါတယ်။

**မြန်မာ့ရိုးရာချည်တွေကို နိုင်ငံခြားသားတွေလည်း အားပေးလာတာတွေရှိတော့ ဈေးကွက်ဝေစု ပိုမိုရရှိအောင် ဘယ်လိုမျိုး လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါသလဲ။**

ချည်ထည်ကို နိုင်ငံခြားတွေကလည်း ကြိုက်နှစ်သက်ကြတယ်။ အခုလောလောဆယ်ကို ပိုးနဲ့ရောထားတဲ့ ဆေးလုံချည်နဲ့ ချည်သားချည်းပဲသီးသန့်ဆိုပြီး လုံချည်နှစ်မျိုးရှိတယ်။ နိုင်ငံခြားသားကျ တော့ချည်သားစစ်ကို ကြိုက်နှစ်သက်ပါတယ်။ အဲဒီတော့

**တိုပွ**

သူတို့ လက်ထဲကိုကျတော့ Raw တွေ ထည့်လို့မရဘူး။ Raw ထည့်လိုက်လို့ရှိရင် သူတို့ကချည်သားကိုပဲ ကိုယ်ကြိုက်နှစ်သက်လို့ ဝယ်လိုပေမယ့် ဘယ်မှာချုပ်ရမလဲမသိကြဘူး။ အစ်မအနေနဲ့က ချည်သားစစ်ကို အသင့်ချုပ်ပြီးသား ပတ်ထမိန် ပေါင်းချုပ်ပြီးတော့ သူတို့နဲ့ အနီးဆုံးနေရာတွေမှာ သွားထားပေးထားတယ်။ အဲဒီလို သွားထားပေးတဲ့အတွက် သူတို့တွေ အလွယ်တကူ ဝယ်ပြီးတော့ ဝတ်လို့ရပါတယ်။ နောက် ဈေးဝယ်စင်တာတွေမှာ လိုက်ဖွင့်တော့ စင်တာကြီးတွေကို နိုင်ငံခြားသားတွေက အဆင်သင့်ရှိတာတွေကို ဝယ်ယူကြတာမျိုးတွေရှိပါတယ်။ ဈေးနှုန်းတွေအနေနဲ့ကတော့ ချည်သားဝမ်းဆက်မချုပ်ရသေးတဲ့ဟာဆိုရင် ကျပ် ၂၈၀၀၀ ရှိပါတယ်။ ပိုးကကျတော့ မချုပ်ရသေးတဲ့ ဝမ်းဆက်ဆို လေးသောင်းကျော်အထိရှိပါတယ်။

**လတ်တလောမှာရော ရိုးရာချည်ထည်နဲ့ပတ်သက်ပြီး လုပ်သားတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းအခြေအနေ ဘယ်လိုရှိပါသလဲ။**

လုပ်သားအင်အားက အရင်ထက်စာရင်တော့ ဒီလတွေအတွင်းမှာ ကျသွားတယ်။ ဒီကာလမှာ လုပ်သားကတော့ရှားပါးလာတယ်။ နောက်တစ်ခုက အရင်တုန်းကလက်နဲ့ ရက်လုပ်တယ်။ အခုနောက်ပိုင်းက စက်တွေအစားထိုးလိုက်တော့ စက်တစ်ခုချင်းစီတိုင်းမှာ တစ်ယောက်ချင်းစီ မလိုအပ်တော့ဘူး။ စက်ရုံတစ်ခုလုံးစာ အတွက်ဆိုရင်လုပ်သားလိုအပ်သလောက်ပဲ ထည့်ထားတယ်။ အဲဒီတော့အထည်အရေအတွက် များများထွက်လာပြီးတော့ လုပ်သားအင်အားကို လျှော့သုံးလာတယ်။ ဒါပေမယ့် အခြားနေရာတွေမှာတော့ လုပ်သားအင်အားတွေလိုအပ်ပါတယ်။ နောက်ပိုင်းစက်ပစ္စည်းတွေနဲ့လည်ပတ်ရမယ်ဆိုရင် လက်ရက်ကန်း မဟုတ်ဘဲနဲ့ စက်ရက်ကန်းဖြစ်တဲ့အတွက် အဆင်တော့ပြေနေပါသေးတယ်။ အလုပ်အကိုင် အခွင့်အလမ်းအနေနဲ့ကတော့ နယ်မှာတော်တော်များများကို အလုပ်အကိုင် အခွင့်အလမ်းတွေ ပေးထားနိုင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အလုပ်အကိုင် အခွင့်အလမ်းတွေကတော့ လုပ်သားတွေကို သက်သောင့်သက်သာနဲ့ ဝင်ငွေရရှိအောင် ဖန်တီးပေးပါတယ်။ နောက်တစ်ခုက ဘိလပ်ပြန်ချည်ထည်တိုက်ဖွင့်လှစ်ရောင်းချခြင်း ရည်ရွယ်ချက်ကလည်း နယ်ကလူတွေရဲ့ လုပ်အားနည်းနည်းနဲ့ လစာများများ ရှာနိုင်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ပါ။ အစ်မတို့အနေနဲ့ ပစ္စည်းများများ ရောင်းချနိုင်လေ နယ်မှာရှိတဲ့ အလုပ်သမားတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုရလေဆိုတဲ့ရည်ရွယ်ချက်လေးဖြစ်ပါတယ်။ ချည်ထည်တွေကိုပိုပြီးတော့ ကောင်းမွန်တဲ့ ဒီဇိုင်းတွေကို ပေးနိုင်အောင်ကြိုးစားနေပါတယ်။မြန်မာဝတ်စုံချုပ်ရတာ အချိန်ကြာတာ တော့ရှိတယ်။ ဒီလိုအချိန်ကြာမြင့်တာတွေကို မဖြစ်ပေါ်အောင် ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေလည်း ရှိပါတယ်။ မြန်မာ့ရိုးရာ ချည်ထည်တွေကိုလည်း အားပေးကြဖို့ ပြောချင်ပါတယ်။



# ဥရောပသမဂ္ဂ၏ စားအုန်းဆီအခြေခံ ဇီဝလောင်စာဆီနှင့် ပတ်သက်၍ စည်းမျဉ်းများအပေါ် မလေးရှားနိုင်ငံမှ တိုင်ကြားမှုအား WTO က ပယ်ချခဲ့

ဒေါက်တာရွှေစင်ကို



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် စားအုန်းဆီအခြေခံသော ဇီဝလောင်စာဆီနှင့် ပတ်သက်သည့် ဥရောပသမဂ္ဂအစုအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများအပေါ် မလေးရှား မှ တိုင်ကြားချက်မှာ ရှုံးနိမ့်ခဲ့သည်။ ၎င်းအငြင်းပွားမှုမှာ ဥရောပသမဂ္ဂက အဖွဲ့ဝင်နိုင်ငံများ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အသုံးပြုရမည့် အနည်းဆုံး ပြန်လည်ပြည့်ဖြိုးမြဲ လောင်စာပမာဏဆိုင်ရာ စည်းမျဉ်းများကို ထုတ်ပြန်လိုက်သည့် ၂၀၁၈ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် သစ်တောများ ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးကာ ထုတ်လုပ်ထားသည့် ဇီဝလောင်စာများ အသုံးပြုခြင်းကို ပစ်မှတ်ထား၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂ၏ စည်းမျဉ်းများအောက်တွင် စားအုန်းဆီအခြေခံ ဇီဝလောင်စာများကို ပြန်လည်ပြည့်ဖြိုးမြဲသယ်ယူပို့ဆောင်ရေး လောင်စာအဖြစ် သတ်မှတ်ခြင်း မပြုတော့ပေ။ ဆီအုန်းစိုက်ပျိုးမှုမှာ သစ်တောများကို အလွန်အကျွံ ပြုန်းတီးမှုဖြစ်စေသည်ဟူသော အကြောင်းပြချက်ဖြင့် စားအုန်းဆီအခြေခံ ဇီဝလောင်စာဆီ အသုံးပြုမှုအား ၂၀၃၀ ပြည့်နှစ်တွင် ရပ်ဆိုင်းသွားရန်ရှိသည်။

၎င်းဆုံးဖြတ်ချက်ကြောင့် ကမ္ဘာ့စားအုန်းဆီအခြေခံ ဇီဝလောင်စာ လိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းကို အတူတကွ ပံ့ပိုးပေးသော မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က WTO တွင် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ မလေးရှားနိုင်ငံက အဆိုပါ ဆောင်ရွက်မှုများသည် တရားမျှတသော ကုန်သွယ်မှုကျင့်ထုံးများကို ချိုးဖောက်သည်ဟု စွပ်စွဲကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ ၂၀၂၁ ခုနှစ်တွင် တိုင်ကြားခဲ့သည်။ ဆီအုန်းစွမ်းအင်ထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံသည် မလေးရှားမှ တိုင်ကြားခြင်းမပြုမီ တစ်နှစ်ခန့်စော၍ အလားတူကိစ္စရပ်ကို တိုင်ကြားခဲ့သည်။ သို့ရာတွင် ကိုဗစ်(၁၉) ကပ်ရောဂါကြောင့် လုပ်ထုံးလုပ်နည်းများ ကြာရှည်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လ ၅ ရက်တွင် WTO ၏ ခုံရုံးက ဥရောပသမဂ္ဂ၏ အလုံးစုံရပ်တည်ချက်ကို ထောက်ခံခဲ့သော်လည်း စည်းမျဉ်းများ၏ ပုံစံရေးဆွဲထားမှုကို ဝေဖန်ခဲ့သည်။ ခုံရုံးအဖွဲ့ဝင်များအနက် အဖွဲ့ဝင်တစ်ဦးကသာ ခုံအဖွဲ့မှ ခွဲထွက်ပြီး မလေးရှားကို ထောက်ခံမဲပေးခဲ့သည်။

ဥရောပသမဂ္ဂ၏ ညွှန်ကြားချက်ကိုဆန့်ကျင်သည့် ကမ္ဘာ့ထိပ်တန်းစားအုန်းဆီထုတ်လုပ်သူ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းသည့် ကိစ္စနှစ်ခုအပေါ် အစီရင်ခံစာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ကာ စာမျက်နှာ ၃၄၈ မျက်နှာ ပါဝင်သည်။ ၎င်းအစီရင်ခံစာတွင် မလေးရှားနိုင်ငံမှ တိုင်ကြားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂသည် မလေးရှားနိုင်ငံအား ကိုယ်ကျိုးကာကွယ်ရေးနှင့် ခွဲခြားဆက်ဆံသည့်ပုံစံဖြင့် လုပ်ဆောင်ခဲ့ခြင်း ရှိ၊ မရှိဟူသော အဓိကမေးခွန်းကို ကောင်းကောင်းဖြေရှင်းနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ အလားတူအမှုကို စွဲဆိုထားသည့် အင်ဒိုနီးရှားနိုင်ငံက မတ်လ ၄ ရက်နေ့တွင် တရားစွဲဆိုမှုကို နှစ်လကြာ ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။

ဥရောပသမဂ္ဂ၏ ၂၀၁၈ ဒုတိယထုတ်ဝေမှုတွင် ၎င်း၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ညွှန်ကြားချက် (renewal energy directive - RED II) အရ ဇီဝလောင်စာများမှာ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချမည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတွင် အဓိကအခန်း ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လောင်စာဆီအသုံးပြုမှုကိုသွယ်ဝိုက်မြေအသုံးချမှု ပြောင်းလဲခြင်း (Indirect Land Use Change-ILUC) ကို ဖြစ်ပေါ်စေမည့် အန္တရာယ်မြင့်မားသော အသုံးပြုမှုအဖြစ် အမျိုးအစားခွဲခြားထားသည်။ လောင်စာဆီ အမျိုးမျိုး၏ ၇ ရာခိုင်နှုန်းမှာ ရာသီဥတုကို ပျက်စီးစေရာ ၂၀၃၀ ပြည့်နှစ်တွင် တဖြည်းဖြည်း လျှော့ချသွားရန် ရည်မှန်းထားသည်။ ထို့ကြောင့် အဓိကအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်ရှိသည့် စီမံဆောင်ရွက်မှုဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြန်လည်ခုခံချေပချက်ကို ကျိုးကြောင်းသင့်လျော်သည်ဟု လက်ခံထားသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအကျပ်အတည်းကို ဖြေရှင်းရန် ကြိုးစားနေရာ ဝေးလံသောနိုင်ငံများတွင် စားအုန်းဆီ ထုတ်လုပ်ပုံအား ထိန်းညှိခြင်းမှာ WTO နှင့် နိုင်ငံတကာဥပဒေအောက်တွင် တရားဝင်ကြောင်း ခုံအဖွဲ့က ဖော်ပြခဲ့သည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ရည်ရွယ်ပါက WTO စံနှုန်းများကို ချိုးဖောက်သည့် နိုင်ငံများအတွက် GATT ၏ အထွေထွေခြွင်းချက် ပုဒ်မ XX အောက်တွင် မည်သည့် စီမံဆောင်ရွက်မှုကိုမဆို လက်ခံနိုင်ကြောင်း ခုံအဖွဲ့က ဆုံးဖြတ်သည်။

မူအရ အန္တရာယ်နည်းပါး စားအုန်းဆီအား EU ၏ ဇီဝလောင်စာ ဈေးကွက်တွင် ခွင့်ပြုထားသော်လည်း မလေးရှားမှ ထုတ်လုပ်သူများသည် လိုအပ်သော အသိအမှတ်ပြုလက်မှတ်များ ရရှိရန် အခွင့်အလမ်းမရှိ ဖြစ်နေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပဲပုပ် အခြေခံလောင်စာများကို ထုတ်လုပ်နေသော တောင်အမေရိက သို့မဟုတ် မြောက်အမေရိကမှ ပြိုင်ဘက်နိုင်ငံများတွင်မူ စားအုန်းဆီကဲ့သို့ တူညီသော လိုအပ်ချက်များ မရှိပါ။ ထို့ကြောင့် ဥရောပသမဂ္ဂသည် စားအုံးဆီအခြေခံလောင်စာဆီနှင့် အလားတူဖြစ်သော ပဲပုပ်ဆီအခြေခံလောင်စာများအပေါ်တွင် WTO ၏ most-favoured nation principle နှင့် လျော်ညီစွာ ကျင့်သုံးခြင်း မရှိကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ အစီအမံအသစ်များကို မိတ်ဆက်သည့်အခါ အခြားစီးပွားရေးနိုင်ငံများနှင့် အသိပေးခြင်းနှင့် တိုင်ပင်ခြင်းအတွက် ဥရောပသမဂ္ဂ၏ချဉ်းကပ်မှုတွင် အမှားအယွင်းများရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် ကုန်သွယ်မှုဆိုင်ရာ နည်းပညာဆိုင်ရာ အတားအဆီးများဆိုင်ရာ သဘောတူညီချက် (TBT agreement) တွင် ပါရှိသော လိုအပ်ချက်များစွာကို ချိုးဖောက်ကာ အဓိကအားဖြင့် ဥရောပသမဂ္ဂသည် မည်သည့်ဇီဝလောင်စာဆီက မြင့်မားသော သွယ်ဝိုက်မြေအသုံးချမှု ပြောင်းလဲသည့် (ILUC) အန္တရာယ်ကို ဖြစ်စေသည်ဟူသည့် အချက်ကိုဆုံးဖြတ်ရန် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်ရန် ပျက်ကွက်ခြင်းကြောင့် TBT သဘောတူညီချက်၏ အပိုဒ် ၂ ပါ နည်းပညာဆိုင်ရာ စည်းမျဉ်းများကို စီမံခန့်ခွဲရာတွင် ဗဟိုအစိုးရ၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ထားသည်။

ပြင်သစ်၏ အခွန်အကောက်စနစ်မှာဆီအုန်းအခြေခံလောင်စာ၏ ပြိုင်ဘက်ဖြစ်သော ပန်းနှမ်း (rapeseed) အခြေခံ ဇီဝလောင်စာဆီအတွက် ထောက်ပံ့ငွေအဖြစ် အသွင်ဆောင်ခြင်းဖြစ်သည်ဟု မလေးရှား၏ စောဒကတက်မှုကို ခုံအဖွဲ့က ငြင်းဆန်ခဲ့သော်လည်း ပြင်သစ် ဇီဝလောင်စာအခွန်အကောက်စည်းမျဉ်းမှာ သိသာစွာ ခွဲခြားဆက်ဆံခြင်းဖြစ်ကြောင်း တစ်စိတ်တစ်ဒေသ ဆုံးဖြတ်ခဲ့ကြသည်။

လက်ရှိအချိန်တွင် ဥရောပသမဂ္ဂသည် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သော်လည်း WTO ၏ စည်းမျဉ်းများနှင့်အညီ ၎င်း၏ အစီအမံများကို ရုပ်သိမ်းရန် လိုအပ်ခြင်း မရှိပါ။ အင်ဒိုနီးရှားနိုင်ငံသည် ဥရောပသမဂ္ဂနှင့် လွတ်လပ်စွာ ကုန်သွယ်မှုသဘော တူညီချက်ကို ညှိနှိုင်းနေသည်။ မလေးရှားနိုင်ငံကမူ စားအုန်းဆီ တင်သွင်းရန်နှင့် သစ်တောပြုန်းတီးမှုကို ထိန်းချုပ်ရန် ၎င်း၏ ချဉ်းကပ်မှုကြောင့် ဥရောပအစုအဖွဲ့နှင့် စေ့စပ်ညှိနှိုင်းမှုများကို ဆိုင်းငံ့ထားသည်။

ဥရောပသမဂ္ဂ၏ မလေးရှားနိုင်ငံမှ စားအုန်းဆီ ဇီဝလောင်စာဆီတင်သွင်းမှု ကန့်သတ်ချက်များ ချမှတ်ကျင့်သုံးမှုအပေါ် WTO မှ ဆုံးဖြတ်ချက်မချမီ WTO ၏ စီရင်ချက်ကို လိုက်နာရန် EU မှ သဘောတူခဲ့သည်။ ထို့ကြောင့် မလေးရှားအစိုးရသည် WTO ၏ တွေ့ရှိချက်များနှင့်အညီ လိုက်နာရန် ဥရောပသမဂ္ဂ၏ စည်းမျဉ်းများဆိုင်ရာ ပြောင်းလဲမှုမှန်သမျှကို စောင့်ကြည့်ပြီး လိုအပ်ပါက လိုက်နာကျင့်သုံးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ခင်းနှင့် ကုန်စည်ဝန်ကြီး Johari Abdul Ghani က မတ်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မလေးရှားစားအုန်းဆီကြိုရောင်းဈေးမှာ မဝေးတော့သောကာလတွင် စားအုန်းဆီ ဝယ်လိုအားအပေါ် စိုးရိမ်မှုများနှင့် အကောင်းမြင်မှုများကြားဝယ် မတ်လ ၇ ရက်တွင် မြင့်တက်ခဲ့ပြီး ပြိုင်ဘက် ဆီဈေးနှုန်းများမှာလည်း မြင့်တက်လာသည်။ Bursa Malaysia Derivatives Exchange တွင် မေလအတွက် ပေးပို့ခြင်းအတွက် စံပြုစားအုန်းဆီစာချုပ်သည် နေ့လယ်ပိုင်းအချိန်တွင် မက်ထရစ်တန် တစ်တန်လျှင် ၄၀၃၈ ရင်းဂစ်၊ ဒေါ်လာ ၈၅၃ ဒသမ ၈၈) သို့ ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စားအုန်းဆီ ထုတ်လုပ်မှုမှာ ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ကျဆင်းခဲ့ပြီး လက်ရှိသုံးလပတ်တွင် တန်ချိန် ၁ ဒသမ ၂ သန်းအထိ ကျဆင်းသွားကြောင်း ဟမ်းဘတ်အခြေစိုက် Oil World ၏ အမှုဆောင်ဒါရိုက်တာ Thomas Mielke က ခန့်မှန်းသည်။ အဓိကအားဖြင့် ပထမ သုံးလအတွင်း စားအုန်းဆီ ရောင်းလိုအားအပေါ် စိုးရိမ်မှုများနှင့် လက်ကျန် ပိုမိုနည်းလာမှုအပေါ် စိုးရိမ်နေကြ၍ ဈေးတက်နေဆဲဖြစ်ကြောင်း၊ မတ်လမှ ဧပြီလအထိ တစ်လကြာကာလမှာ ရာမဒန်ဥပုသ်လဖြစ်သည့်အတွက် အထွက်နှုန်းကို ပိုမိုနည်းပါးမည်ဖြစ်ကြောင်း ဆီလန်ဂေါ်အခြေစိုက် Pelindung Bestari မှ ဒါရိုက်တာ Paramalingam Supramaniam က ပြောကြားခဲ့သည်။ (၁ ဒေါ်လာ = ၄. ၇၂၉၀ ရင်းဂစ်)

**ရင်းမြစ်များ - Borderlex (၀၅/၀၃/၂၀၂၄)**
**Bernama (Malaysia ၀၆/၀၃/၂၀၂၄) ရိုက်တာ**

# ဧရာဝတီတိုင်း ရေကြည်မြို့နယ်မှ ကြိမ်၊ ဝါး လက်မှုအချောထည် လုပ်ငန်းများ

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ကြိမ်၊ ဝါး လက်မှုအချောထည်လုပ်ငန်းများကို လုပ်သားအင်အား ၂၅၀၀ ကျော်ဖြင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အိမ်သုံး၊ ရုံးသုံး၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် ခြင်းလုံး၊သော့ချိတ်၊ ဦးထုပ်၊ ဖိနပ်၊ လက်ဆွဲခြင်း၊ လက်ကိုင်အိတ်၊ ဘောပင်ထည့်ခွက်၊ တစ်ရှူးဘောက်၊ ပန်းခြင်း၊ အမှိုက်ခြင်း၊ ပန်းကန်ပြား၊ လင်ဗန်းတို့မှ ဧည့်ခန်းသုံး၊ ဟိုတယ်သုံးပစ္စည်းများဖြစ်သည့် စားပွဲ ၊ ကုလားထိုင်၊ ခန်းဆီး၊ ဗီဒို၊ မှန်တင်ခုံ၊ သေတ္တာ၊ အဝတ်လှန်းစင်၊ ဦးထုပ်၊ အဝတ်ချိတ်စင်၊ အလှဆင်မီးအိမ်အမျိုးမျိုး စသည့် လက်မှုပစ္စည်းအမျိုးအစား ၇၀၀ ကျော်အား ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထုတ်ကုန်ပစ္စည်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ကြိမ်ကိုအခြေခံ၍ ထုတ်လုပ် သော ပစ္စည်းများဖြစ်၍ ၂၀ ရာခိုင်နှုန်း မှာ ဝါးကိုအခြေခံ၍ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများဖြစ်သည်။

ကြိမ်လုပ်ငန်းကို ဆောင်ရွက်ကြရာတွင် ကြိမ်ကုန်ကြမ်း ထုတ်လုပ်ရောင်းချသူ၊ အချောထည်ရက်လုပ်သူ၊ အချောထည်များကို ဆေးသုတ်ပြုပြင် ထုပ်ပိုး၍ နိုင်ငံခြားသို့ ရောင်းချသူဟူ၍ လုပ်ငန်း သုံးမျိုးရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ကြိမ်လုပ်ငန်းလုပ်ကိုင်သူများသည် အချောထည် လုပ်ကိုင်သူများဖြစ်သည်။ ရန်ကုန်အခြေစိုက်ကုမ္ပဏီကြီးများသည် ရေကြည်မြို့ တွင် ကုမ္ပဏီ အလုပ်ရုံခွဲများဖွင့်လှစ်၍ ကုန်ကြမ်းပစ္စည်း ရောင်းချခြင်း၊ ကုန်ကြမ်းပေး ကုန်အချောယူအဖြစ် ဆောင်ရွက်ပြီး ကုန်ချော ထုတ်လုပ်သည်။ ကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်း /ပြည်ပ အမှာစာရရှိမှုပေါ် မူတည်၍ ကုန်ကြမ်းများကို ဝယ်ယူရက်လုပ်၍ တစ်ပိုင်းချော ကုန်ပစ္စည်းများနှင့် အပြီးချော ကုန်ပစ္စည်းများအဖြစ် ရန်ကုန်စက်ရုံများသို့ ကားများဖြင့် ပို့ဆောင်ပေးကြသည်။

နယ်အသီးသီးမှ ရောက်လာသော တစ်ပိုင်းချောကုန် ပစ္စည်းများကို မီးမှုတ်ခြင်း၊ ကော်ပတ်အကြမ်း/အနုစားခြင်း၊ ပိုးသတ်ခြင်း၊ ဆေးသုတ်ခြင်းများပြုလုပ်၍ စနစ်တကျ ထုပ်ပိုးပြီး ပြည်တွင်းဈေးကွက်များ၌ ခရီးသွားဖွံ့ဖြိုးရာသီတွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပုဂံ၊ ပုသိမ်၊ နေပြည်တော်၊ ကျိုက်ထို၊ ပဲခူး စသည့် မြို့ကြီးများ၊ ပြည်ပဈေးကွက်များဖြစ်သည့် အာဆီယံနိုင်ငံများနှင့် ကိုရီးယား၊ နယ်သာလန်၊ ဒိန်းမတ်၊ ဂျာမနီ ၊ ဆွစ်ဇာလန်၊ နော်ဝေ၊ အမေရိကန်နိုင်ငံများသို့ တင်ပို့ရောင်းချရသည်။ ကြိမ်လုပ်ငန်းတစ်ခုလုံးမှ ထွက်ရှိသော ကုန်ပစ္စည်းအားလုံး၏ ၁၀ ရာခိုင်နှုန်းမျှသာ ပြည်တွင်းသုံးအဖြစ် အသုံးပြုပြီး ၉၀ ရာခိုင်နှုန်းကို နိုင်ငံခြားသို့ တင်ပို့နေရသည်။ ပို့ကုန်အားလုံး၏ ၈၀ ရာခိုင်နှုန်းကို ရေကြည်မြို့နယ်မှ ထုတ်လုပ်ပေးလျက်ရှိသည်။

ကြိမ်လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းများကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှထွက်သော ကြိမ်လက်မဲကို ပရိဘောဂပစ္စည်းများဖြစ်သော စားပွဲ၊ ကုလားထိုင်၊ ခုတင်နှင့် ဒေသတွင်း



သုံး တောင်း၊ ပလုံးများ ရက်လုပ်သော ကြိမ်သေးများရရှိသည်။ စီးပွားဖြစ် အချောထည် ထုတ်လုပ်ရန် ကြိမ်ကုန်ကြမ်းများကို တနင်္သာရီ၊ ကချင်၊ ချင်း၊ စစ်ကိုင်းတိုင်းများမှ ရရှိ၍ ရန်ကုန်ရှိ ကုမ္ပဏီကြီးများသည် အသင့်ရက်လုပ်နိုင်သော ကုန်ကြမ်းနန်းမျှင် အမျိုးမျိုး၊ အူချောင်းအမျိုးမျိုးကို ရောင်းချပေးခြင်းဖြင့် ကုန်ကြမ်းပေး ကုန်ချောယူ စနစ်ဖြင့် ဆောင်ရွက်ကြောင်း တွေ့ရသည်။

လက်မှုထည် အလုပ်သမားတစ်ဦးအနေဖြင့် နေ့စဉ် လုပ်အားခ ကျပ် ၆၀၀၀ နှင့်အထက်ရရှိသည်။ ကြိမ်၊ ဝါး လက်မှုထည်လုပ်ငန်းများသည် ရေကြည်မြို့နယ်အတွင်းရှိ လုပ်သားအင်အား ၂၅၀၀ ကျော် ကို အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်ခြင်းကြောင့် မိသားစုအတွက် ဝင်ငွေရရှိခြင်းသာမက မိမိနိုင်ငံမှ ထွက်ရှိသော ကြိမ်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောထုတ်လုပ်၍ နိုင်ငံတကာသို့ ရောင်းချနိုင်သဖြင့် နိုင်ငံခြားဝင်ငွေရရှိစေသည်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One village One Product) အသွင်ဆောင်၍ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သော မီးခိုးမထွက်သော စက်ရုံများသဖွယ်ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရေကြည်မြို့နယ် ကြိမ်၊ ဝါး လက်မှု အချောထည်လုပ်ငန်းရှင်များအသင်းကို အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကြိမ်လက်မှုထည်လုပ်ငန်း တိုးတက်စေရန် စုစည်းအားထုတ် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ချယ်ရီမြင့်**

**[ဤဆောင်းပါးတွင် အသုံးပြုထားသော ဓာတ်ပုံများအတွက် မူရင်းပိုင်ရှင်အား လေးစားစွာ ခရက်ဒစ် ပေးပါသည်။]**

## ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားရှိသော ဆေးဖက်ဝင် မိချောင်းကွမ်းဖတ်

ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသော မိချောင်းကွမ်းဖတ်မှာ တစ်နှစ်ခံပင်ပျော့ပင်ငယ်တစ်မျိုးဖြစ်၍ မြန်မာနိုင်ငံအနှံ့ အပူပိုင်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိပြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ငပုတောမြို့နယ်အောက်ဘက်ရှိ ဟိုင်းကြီးကျွန်းနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ငရုတ်ကောင်းမြို့နယ်ခွဲဝန်းကျင်ကျေးရွာများ ပန်းတနော်၊ ကျောင်းကုန်းမြို့နယ်များရှိ ရေနက်ကွင်းများတွင် အလေ့ကျ ပေါက်ရောက် လျက်ရှိသလို အချို့မြို့နယ်များတွင် ယခင်က စီးပွားဖြစ် စိုက်ပျိုးရောင်းချသူများလည်းရှိသည်။

သဘာဝမှလက်ဆောင် ပေးထားသည့် ဈေးကွက်ဝင် မိချောင်းကွမ်းဖတ်မှာ ရာသီပေါ်သီးနှံတစ်ခုဖြစ်၍ မိချောင်းကွမ်းဖတ် ထွက်ရှိချိန် ခူးဆွတ်၍ မြို့ပေါ်ရှိ အဝယ်ဒိုင်များသို့ ရောင်းချကြသည်။ မတ်လမှ မေလအထိသာ အရောင်းအဝယ်ဖြစ်ပြီး မိုးမကျမီအတွင်းသာ အရောင်းအဝယ်ရှိ၍ မိုးရွာလျှင် မိချောင်းကွမ်းဖတ် ရာသီပြီးဆုံးသွားကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

ယခင်နှစ်က မိချောင်းကွမ်းဖတ် တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၅၀၀ ဈေးအတွင်းသာ အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ် မတ်လအဖွင့်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၁၀၀ ဈေးနှုန်းဖြင့် ဝယ်ယူလျက်ရှိသည့်အတွက် ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိသည်။ မိချောင်းကွမ်းဖတ်အစေ့မှာ အနီရောင်ဖြစ်၍ ဘိန်းစေ့ခန့်သာရှိပြီး မြန်မာ့ဆေးကျမ်းများ အဆိုအရ ဆိမ့်၍ အနည်းငယ်ခါးသော အရသာရှိပြီး ပူ၏၊ အားကိုဖြစ်စေ၏၊ ဝမ်းမီးတောက်စေပြီး အရေပြားပေါ်၌ ဖြစ်တတ်သောရောဂါများ အနာအိုအနာဟောင်းများ၊ မျက်စိနာ၊ လေနာ၊ ပွေးညှင်း၊ တင်းတိပ်နာတို့အတွက် ဖော်စပ်ရာတွင် အသုံးပြုကြောင်းနှင့် ပြည်ပဈေးကွက်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည်။

မိချောင်းကွမ်းဖတ်တွင် omega-3 ဓာတ်များ ပါဝင်သည့်အတွက် အလှကုန်လုပ်ငန်းနှင့် ဆေးဖော်စပ်ရာတွင် အသုံးပြုပြီး ပုသိမ်ဈေးကွက်မှ မိချောင်းကွမ်းဖတ်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး (ပသ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက**
**အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၁၅

အီးမေးလ် - mmcc.office@commerce.gov.mm

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019, email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522, email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339, email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005, email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်

### ပွတ်သားဈေးကျသော်လည်း သကြားဈေးတက်

နတ်တော်လမှစတင်ကာ ယခုတပေါင်းလအထိ ကြံစိုက်တောင်သူများကိုယ်တိုင် ပွက်သားများကို ချက်၍ သကာရည်များ တင်ပို့ရောင်းချလျက်ရှိသည်။ ကသာ၊ ထီးချိုင့်၊ တွင်းငယ်မြို့များ၏ အခေါ်ဝေါ်မှာ ပွက်သားသို့မဟုတ် သကာရည်၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတို့မှ တင်လဲရည်ဟုခေါ်ဆိုကြသည်။ မတ္တရာမြို့နယ်၊ ပြင်ဦးလွင်၊ နောင်ချိုမြို့နယ်တို့မှထွက်ရှိသည့်ကြံများကို တစ်တန်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၃၀၀၀၀ ငွေရည်ပုလဲသကြားစက်နှင့် ဝေမာလ်သကြားစက်များ သို့ ရောင်းချကြသည်။

သကြားနှင့် သကာရည်ကို မန္တလေးကုန်စည်ဒိုင်အသင်းမှ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည်။ ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ပွက်သားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၂၆၀၀ အထိ၊ သကြားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၇၈၀ မှ ကျပ် ၃၈၅၀ အထိရှိပြီး မတ်လ စတုတ္ထပတ်တွင် ပွက်သားဈေးမှာ တစ်ပိဿာ လျှင်ကျပ် ၂၁၀၀ မှ ၂၂၀၀ အထိ သကြားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၂၅၀ နှင့် ကျပ် ၄၃၀၀ အထိ အရောင်းအဝယ်ရှိသည်။ မတ်လကဲ့သို့ နွေရာသီတွင် အခြားလများနှင့်မတူဘဲ အချိုရည်လုပ်ငန်းမျိုးစုံတို့မှာ ပိုမိုထုတ်လုပ်လျက်ရှိသောကြောင့် အရောင်းအဝယ် ပိုမိုလျက်ဖြစ်လျက်ရှိသည်။ နို့ဆီချက်လုပ်ငန်း၊ ဂျုံဖြင့် ပြုလုပ်သော မုန့်မျိုးစုံလုပ်ငန်း၊ ယိုစုံလုပ်ငန်းတို့မှာ ပုံမှန်လုပ်ကိုင် ကြောင်းသိရှိရပြီး၊ ပွက်သားဈေး ကျသော်လည် သကြား ဈေးမှာ တက်လျက်ရှိကြောင်း သကြားနှင့်သကာရည် ကုန်စည်ဒိုင်အသင်းမှ သိရှိရသည်။

### နွေစပါးစိုက်ပျိုးရန် စတင်ပျိုးထောင်နေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ယခုမတ်လ ဆန်းမှစတင်၍ နွေစပါးစိုက်ပျိုးရန် မျိုးများစတင်ပျိုးထောင်လျက်ရှိသည်။ အများဆုံးပျိုးထောင်သော မျိုးများမှာ ဧရာပဒေသာမျိုး နှင့် မနောသုခမျိုးများဖြစ်ကြသည်။ ယခင်နှစ် နွေစပါးပျိုးထောင်ချိန်တွင်ပဒေသာမျိုး တစ်တင်းလျှင် ကျပ် ၁၀၀၀၀ နှင့် မနောသုခမျိုး တစ်တင်းလျှင် ကျပ် ၇၅၀၀ ဖြစ်ပြီး ယခုနှစ်နွေစပါး ပျိုးထောင်ချိန်တွင် ဧရာပဒေသာမျိုးတစ်တင်းလျှင် ကျပ် ၃၃၀၀၀ နှင့် မနောသုခမျိုး တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြစ်သည်။ တစ်ဧကလျှင် စပါးမျိုးနှစ်တင်း ပျိုးထောင်ရကြောင်း သိရှိရသည်။ ပျိုးထောင်ရန်အတွက် ဆည်ရေများပေးဝေနေပြီဖြစ်သောကြောင့် မျိုးများ စတင်ပျိုးထောင်လျက်ရှိကြောင်းသိရှိရသည်။

### ဆောင်းနှမ်းများ အောင်မြင်စွာ ရိတ်သိမ်းပြီးစီး

ကျောက်ဆည်ခရိုင်အတွင်းတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့ကိုလည်း တစ်နှစ်ပတ်လုံးစိုက်ပျိုးကြသည်။ ယခုအခါ ဆောင်းနှမ်းများအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။ ဆောင်းနှမ်းတစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၃၀၀၀၀၀ ဝန်းကျင်ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၈-၉ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဆောင်းနှမ်း စတင်ထွက်ပေါ်ချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၃၃၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၀၃၀၀၀ နှမ်းနက် ရိုးရိုး တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဈေးတို့ဖြင့် ရောင်းဝယ်ခဲ့ပြီး မတ်လနောက်ဆုံးပတ် ဈေးအနေဖြင့် နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၃၂၀၀၀၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၄၂၀၀ ဈေးနှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

### ရုံးပတီသီးစိုက်ပျိုး ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးလက်နေတောင်သူများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် သီးနှံများစိုက်ပျိုးသည့်အပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကိုလည်း နှစ်စဉ် ရာသီအလိုက်စိုက်ပျိုးကြသည်။ ၎င်းသီးနှံများအနက် ရုံးပတီပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဝင်ငွေရလွယ် သောသီးနှံတစ်မျိုးဖြစ်ပြီး စိုက်ပျိုးသောမျိုးများမှာ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုး များ ဖြစ်သည်။ စိုက်ပျိုးပြီးပန်းပွင့် ပြီး တစ်ပတ်အကြာတွင် စတင်ခူးဆွတ်ရသည်။ ထိုသို့ ခူးဆွတ်မှသာ စားကောင်းသော အနေတော်ရုံးပတီသီးများ ရရှိမည်ဖြစ်သည်။ ခူးဆွတ်မှုအနေဖြင့် နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ပေးရသည်။ ပူပြင်းသောရာသီဥတုတွင် အသီးရင့်မှည့်လွယ်သောကြောင့် နှစ်ရက်တစ်ကြိမ် ခူးဆွတ်ရသည်။ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ - ၁၆၀၀ ဈေးနှုန်းရရှိပြီး တစ်ဧကအထွက်နှုန်းအနေဖြင့်ပိဿာ ၁၁၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။ ရုံးပတီသီး စားသုံးခြင်းဖြင့် ဆီးချိုရောဂါ၊ နှလုံး ရောဂါနှင့် ကင်ဆာရောဂါများကို သက်သာပျောက်ကင်းစေပြီး ဒူးနှင့်ပတ်သက်သောရောဂါများနှင့် ရိုးတွင်းချဉ်ဆီကို အားကောင်းစေကြောင်း သိရှိရသည်။ စားသုံးသူအတွက် ဆေးဖက်လည်းဝင် မိသားစုဝင်ငွေတိုးသည့် ရုံးပတီသီးပင်အား တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ရသည်။

### စတော်ဘယ်ရီသီးများရောင်းအားကောင်း

စတော်ဘယ်ရီသီးများကို ယခင်က တောင်ပေါ်ဒေသတွင် စိုက်ပျိုး ခဲ့ပြီး ယခုအခါတွင် တောင်ပေါ်၊ မြေပြန့်နေရာ ဒေသအသီးသီးတွင် စိုက်ပျိုးလာကြကြောင်း၊ တောင်ပေါ်ဒေသဖြစ်သည့် ပြင်ဦးလွင်မြို့တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ယခုရာသီအချိန်တွင် စတော်ဘယ်ရီသီးများ ထွက်ပေါ်လာပြီဖြစ်၍ ဈေးကွက်အတွင်း ရောင်းအားကောင်းနေကြောင်း၊ စတော်ဘယ်ရီသီးများမှ ဒေသမျိုး၊ ထိုင်ဝမ်မျိုးနှင့် ဂျပန်မျိုးဟူ၍ ရှိရာ ဒေသသီးခေါ် အလုံးသေးအသီးများသာမက ခပ်ပြားပြား သဏ္ဌာန်ရှိပြီး အရသာချဉ်သော ထိုင်ဝမ်သီးများနှင့် အလုံးကြီးပြီးချိုသော ဂျပန်သီးများကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

စတော်ဘယ်ရီသီးများကို သစ်သီးပွဲရုံများသို့ ဒေသမျိုး တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ထိုင်ဝမ်မျိုးတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဂျပန်မျိုးတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဈေးဖြင့် ရောင်းချပြီး မန္တလေးနှင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချကြောင်း၊ ပြင်ဦးလွင်မြို့သို့ အပန်းဖြေအလည်ပတ်ရောက်ရှိလာသည့် ဧည့်သည်များနှင့် ခရီးသွားပြည်သူများမှလည်း အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူပြီး စားသောက်ဆိုင်များမှလည်း ဝယ်ယူကြ၍ ဈေးကွက်အတွင်း ရောင်းအားကောင်းသောကြောင့် စတော်ဘယ်ရီ စိုက်ပျိုးသူများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ခင်မေဝင်း၊ မော်မော်အောင်၊ သန်းသန်းမိုး၊ မျိုးမင်းသန်း၊ ကြည်စိန်**

## ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ကန်စွန်းဥစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိနေ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် အတွင်းရှိ ကိုးထောင့်၊ ရေလယ်ကျွန်း၊ သံဇလုံ၊ တောင်ငယ်လုံး၊ ရေလယ်တောင်၊ ကျစ်ပြင်၊ ချင်တောင်၊ အောက်ဆိပ်၊ ဇီးကပ် ကျေးရွာများတွင် နှစ်စဉ်ရာသီအလိုက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံ ရာသီစာကန်စွန်းဥ စိုက်ခင်းများကိုလည်း ကိုင်းကျွန်း၊ သဲ၊ နုံး မြေများတွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း ကန်စွန်းဥ စိုက်ခင်းများကို ဒေသစီးပွားဖြစ် အမြောက်အမြား နှစ်စဉ်စိုက်ပျိုးကြပြီး ဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃တွင် စိုက်ဧက ၂၀၀၀ ခန့်စိုက်ပျိုးပြီး ကန်စွန်းဥ အထွက်ကောင်းပြီး ဈေးကွက်ကောင်းမွန်ခြင်းကြောင့် ယခုဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တွင် စိုက်ဧက ၂၅၀၀ ခန့်ထိ တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။

စိုက်တောင်သူများသည် ကန်စွန်းဥမျိုးအနေဖြင့် ရွှေဝါနှင့် ငချိတ်မျိုးကို အများဆုံးစိုက်ပျိုးပြီး ကန်စွန်းတစ်ညွန့်လျှင် ရှစ်ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ကန်စွန်းညွန့် သုံးသောင်းခွဲခန့် ဝင်ဆန့်စိုက်ပျိုးရကြောင်း၊ ဥစားကန်စွန်းညွန့်များကို မြစ်ရေကျချိန် အောက်တိုဘာလကုန်မှ နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလမှ မတ်လအတွင်း တူးဖော်ရကြောင်း ကန်စွန်းဥများ အချိုလေး၍ အရသာရှိစေရန်အတွက် စိုက်ခင်းများကို တောင်သူများအနေဖြင့် ရေသွင်းစိုက်ပျိုးခြင်းမရှိဘဲ မြေအောက်ရေဖြင့်သာ စိုက်ပျိုးပြီး သုံးလအကြာတွင် ကန်စွန်းဥများ တူးဖော်ကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ယခုနှစ်ပိဿာချိန် ၃၀၀၀-၃၅၀၀ ခန့်ထွက်ရှိပြီး သီးနှံပေါ်စ ဒေသပေါက်ဈေးမှာ ကန်စွန်းဥအကြီးအသေးနှင့် အရည်အသွေးလိုက်၍ လက်ကားဈေး တစ်ပိဿာ ငွေကျပ် ၈၀၀-၁၅၀၀ ဖြင့် ရောင်းချရကြောင်း၊ ယခင်နှစ် အထွက်နှုန်းမှာ စိုက်ခင်းအတွင်း မြစ်ရေဝင်ချိန်မရှိခဲ့၍ ပျမ်းမျှပိဿာ ၃၀၀၀ ခန့်သာ ထွက်ရှိခဲ့ပြီး ဒေသပေါက်ဈေးမှာ တစ်ပိဿာ ကျပ် ၈၀၀-၈၅၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကန်စွန်းဥ စိုက်ပျိုးရာတွင် တစ်ဧက ကုန်ကျစရိတ်အနေ ဖြင့် ယခင်နှစ် ကျပ်ငါးသိန်းခန့် ကုန်ကျခဲ့ကြောင်း၊ ယခုနှစ်တွင် ကျပ်ကိုးသိန်းခန့် ကုန်ကျခဲ့ကြောင်း ဝင်ငွေအနေဖြင့် တောင်သူတစ်ဦးတစ်ဧက ပျမ်းမျှပိဿာ ၃၀၀၀ ထွက်ရှိပြီး တစ်ပိဿာ လက်ကားဈေး ကျပ် ၁၂၀၀ ဖြင့် ရောင်းချရ၍ ကျပ် ၃၆ သိန်းခန့် ဝင်ငွေရရှိပြီး ကျပ် ၂၇ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း ဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

ယခုနှစ် ကန်စွန်းဥစိုက်တောင်သူများမှာ စိုက်ပျိုးမြေများ၌ မြစ်ရေတက်ချိန်တွင် စိုက်ခင်းများ အတွင်း မြစ်ရေဝင်ခြင်းကြောင့် မြေအောက်ရေရရှိခြင်းအပြင် ရာသီဥတုကောင်းမွန်၍ ယခင်နှစ်ထက် ကန်စွန်းဥအထွက်နှုန်း ကောင်းပြီး သီးနှံပေါ်ချိန် စိုက်ခင်းထွက်ကန်စွန်းဥများ ဈေးကောင်းရရှိ၍ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရာသီစာကန်စွန်းဥစိုက်တောင်သူများ အကျိုးအမြတ်များစွာ ရရှိလျက်ရှိကြောင်း သိရှိရသည်။

**မြင့်မြင့်သန်း(ပခုက္ကူ)**



## သီဟိုဠ် အခွံခွာ အစေ့ထုတ် ရောင်းချခြင်းလုပ်ငန်းဖြင့် ဝင်ငွေရရှိနေ

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ သီဟိုဠ်အခွံခွာ အစေ့ထုတ်လုပ်ငန်းသည် ၂၀၁၈ ခုနှစ်မှစ၍ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ဆောင်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ သီဟိုဠ်စေ့ ထွက်ရှိချိန်တွင် သီဟိုဠ်ခြံများမှ သီဟိုဠ်စေ့ တစ်ပိဿာလျှင် ကျပ် ၄၈၀၀ မှ ကျပ် ၅၀၀၀ ဖြင့် လာရောက်ရောင်းချကြကြောင်း သိရသည်။

သီဟိုဠ်စေ့ ပိဿာ ၅၀၀ ခန့်ကို အမျိုးသမီးလုပ်သား ၁၅ဦး၊ အမျိုးသားလုပ်သား ၁၅ ဦးဖြင့် နေလှန်းခြင်းကို သုံးရက်တိုင် ဆောင်ရွက်ခဲ့ပြီး နေလှန်းပြီးပါက ရေနွေးဖြင့် ၁၀ နာရီကြာ ပြုတ်ရကြောင်း၊ ရေနွေးဖြင့် ပြုတ်ပြီးပါက နေလှန်းခြင်းကို သုံးရက်တိုင်တိုင်ထပ်မံပြုလုပ်ရကြောင်း၊ လုပ်အားခအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၁၂၀ နှုန်းဖြင့် အမျိုးသမီးလုပ်သားတစ်ဦးလျှင် တစ်ရက်ကျပ် ၇၀၀၀ ခန့်ရရှိပြီး အမျိုးသား လုပ်သားတစ်ဦးလျှင် ကျပ် ၈၀၀၀ ခန့်ရရှိကြောင်း၊ အခွံခွာ၊ အမှေးပါးခွာ၍ ရရှိသော အစေ့များကို ရန်ကုန်မြို့တွင်းနှင့် ဘုရင့် နောင်ပွဲရုံဈေးကွက်သို့ တစ်ပိဿာလျှင် ကျပ် ၃၄၀၀၀ ဖြင့် မတ်လ စတုတ္ထပတ်အတွင်း လက်ကားရောင်းချလျက်ရှိကြောင်း သိရသည်။

**ဖြူဖြူမြင့် (ရန်ကုန်)**

# အာကာသလုပ်ငန်းကဏ္ဍ အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံအထိ တောင်ကိုရီးယား မြှင့်တင်သွားမည်

တောင်ကိုရီးယားအစိုးရသည် အာကာသလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ်ကို ၂၀၂၇ ခုနှစ်တွင် ဝမ်ငွေ ၁ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ဒသမ၁၄ ဘီလီယံ) အထိ မြှင့်တင်သွားမည်ဟု ထုတ်ပြန်ထားသည်။

အာကာသလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအသုံးစရိတ်ကို မြှင့်တင်သွားမည့်အပြင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုကိုလည်း မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၄၅ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုကို ဝမ်ငွေ ထရီလီယံ ၁၀၀ အထိ ရရှိနိုင်ရန် ရည်မှန်းထားပြီး အာကာသလုပ်ငန်းကဏ္ဍမှ အရည်အသွေးမြင့်သည့် အလုပ်အကိုင် စုစုပေါင်း ၂၅၀၀၀၀ အထိ ဖန်တီးပေးနိုင်လိမ့်မည်ဟု ရည်မှန်းထားကြောင်းနှင့် အာကာသစီးပွားရေးလုပ်ငန်းသည် နိုင်ငံ၏ အဓိကလုပ်ငန်းကဏ္ဍအဖြစ် ထားရှိပါကြောင်း သမ္မတယွန်ဆုခ်ယော်က တောင်ပိုင်း Gyeongsang ပြည်နယ်၊ Sacheon မြို့ရှိ Korea Aerospace Industries Co., Ltd. တွင် ကျင်းပသည့် အာကာသလုပ်ငန်းအစုအဖွဲ့ (The space industry cluster) အခမ်းအနားတွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၃၂ ခုနှစ်တွင် လကမ္ဘာပေါ်၌ အာကာသယာဉ်ဆင်းသက်ပြီး ၂၀၄၅ ခုနှစ်တွင် နိုင်ငံတော်အလံ စိုက်ထူသွားရန်အတွက် ခြေလှမ်းစတင်ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် Space Industry Cluster အခမ်းအနားသည် အမျိုးသားအဆင့်စီမံကိန်းဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍမှ ဦးဆောင်မှုကို တိုက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တောင်ပိုင်း Jeolla ပြည်နယ်ကို ယာဉ်များထုတ်လုပ်ရာအထူးနယ်မြေ၊ တောင်ပိုင်း Gyeongsang ပြည်နယ်ကို ဂြိုဟ်တုများ(Satellites) ထုတ်လုပ်ရာ အထူးနယ်မြေ၊ Daejeon ပြည်နယ်ကို အာကာသလုပ်ငန်းကဏ္ဍ ပညာရှင်များနှင့် လုပ်ငန်းများအတွက် အထူးနယ်မြေအဖြစ် တြိဂံပုံစံစနစ် သတ်မှတ်၍ ဆောင်ရွက်နေကြောင်း၊ Space Industry Cluster အစီအစဉ်အရ တောင် ကိုရီးယားနိုင်ငံသည် ၂၀၄၅ ခုနှစ်တွင် ကမ္ဘာ့အာကာသလုပ်ငန်းဈေးကွက်၏ ၁၀ ရာခိုင်နှုန်းကို ရယူရန် ရည်ရွယ်ထားကြောင်း၊ ထိုမှတစ်ဆင့် ကမ္ဘာ့ထိပ်တန်းအာကာသစွမ်းအားရှင် ငါးနိုင်ငံစာရင်းတွင် ပါဝင်လာသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ယွန်ဆုခ်ယော်က ပြောကြားခဲ့သည်။

ယင်းသို့ ကမ္ဘာ့ထိပ်တန်း အာကာသစွမ်းအားရှင် ငါးနိုင်ငံစာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရက အခြေခံအဆောက်အအုံများ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံရန် ခက်ခဲမည်ကိုသိသည့်အတွက် ပုဂ္ဂလိကကုမ္ပဏီများအတွက် ဒုံးပျံလွှတ်တင်သည့် နေရာများနှင့် အာကာသပတ်ဝန်းကျင် စမ်းသပ်ရေး အဆောက်အအုံများကဲ့သို့သော အခြေခံအဆောက်အအုံများကို အစိုးရက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သမ္မတယွန်းက ပြောကြားခဲ့သည်။ သိပ္ပံ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာဝန်ကြီးဌာနမှ Space Industry Cluster ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ငါးနှစ်စာ အခြေခံစီမံကိန်းနှင့် ဘဏ္ဍာရေး အထောက်အပံ့ဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သည့် အထူးဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းသွားမည်ဖြစ်ပြီး ဥပဒေပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာကာသလုပ်ငန်းကဏ္ဍ ပညာရှင်များ ပေါ်ထွန်းလာစေရေး အမျိုးသားအဆင့် အရည်အချင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို Daejeon Cluster တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသည် ဟန်မြစ်၏အံ့ဖွယ်ရာ နိုင်ငံအဖြစ်လည်းကောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ အံ့ဖွယ်ရာနိုင်ငံအဖြစ်လည်းကောင်း လူသိများ ထင်ရှားခဲ့ပြီး နောက်နောင်တွင် အာကာသယာဉ်များ၏ အံ့ဖွယ်ရာနိုင်ငံအဖြစ် ထင်ရှားလာမည်ဖြစ်ပါကြောင်း သမ္မတယွန်ဆုခ်ယော်က ပြောကြားခဲ့သည်။

**Source:koreatimes**

**ပပ၊ စီးပွားရေးသံမှူး ၊ တောင်ကိုရီးယားသမ္မတနိုင်ငံ**

# ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့ ဆန်ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီ

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သည့် Special Summit to Commenmorate the 50th Anniversary of ASEAN-Australia Dialogue သို့ တက်ရောက်ခဲ့သော ဖိလစ်ပိုင်သမ္မတမား ကို့စ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ၍ ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့အား တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး လက်ရှိကြုံတွေ့နေရသည့် အယ်နီညို၏ သက်ရောက်မှုများကြား ဆန်တိုးမြှင့်ထုတ်လုပ်နိုင်မည့် နည်းလမ်းများကို ရှာဖွေသွားရန်လည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ အထူးသဖြင့် ဆန်ကုန်သွယ်မှုအား တိုးမြှင့်လိုသည်ဟု သမ္မတမားကို့စ်က ပြောကြားခဲ့ကြောင်း၊ အချို့သော နားလည်မှုစာချွန်လွှာများသည် သက်တမ်းကုန်ဆုံးပြီဖြစ်သဖြင့် ပြန်လည်အသက်သွင်းရန် လိုအပ်လျက်ရှိကြောင်း၊ ကိုဗစ်(၁၉) ကပ်ရောဂါကာလက ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများအပေါ် အခြေခံ၍ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဆန်တင်ပို့ရောင်းချနိုင်မည့်သူများ၊ သင့်တော်သည့်နည်းလမ်းများကို ရှာဖွေလျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် စပါးထွက်ရှိမှုနှုန်း မြင့်တက်ခဲ့သော်လည်း သမ္မတအနေဖြင့် ပြည်တွင်းဆန်ရိက္ခာဖူလုံရန်အတွက် ဆန်တင်သွင်းမှုသည်လည်း လိုအပ်သောကြောင့် အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ဆုံမှုနှင့်စပ်လျဉ်း၍ သမ္မတမားကို့စ်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့ပြီး နှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စတို့ကိုလည်း ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လေကြောင်းလိုင်းများလည်း တိုးချဲ့သွားလိုကြောင်း၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်က ဆွေးနွေးရာတွင် နှစ်နိုင်ငံကြား ခရီးသွားဧည့်သည်များ တိုးမြှင့်လာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကမ္ဘောဒီးယားမှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ လေကြောင်းဖြင့် ငါးကြိမ် ပြေးဆွဲလျက်ရှိပြီး ထပ်မံ၍ စီဘူး (Cebu)မြို့သို့လည်း လေကြောင်းလိုင်း တိုးမြှင့်ပြေးဆွဲလိုကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် မကြာသေးမီက လေဆိပ်ဖွင့်လှစ်ထားရှိပြီး လာမည့်နှစ်တွင် ဖနွမ်ပင်မြို့တွင် နောက်ထပ် လေဆိပ်တစ်ခုအား တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး၊ မနီလာမြို့) Source;mb.com.**

# ကမ္ဘောဒီးယား ဆန်မွှေးကို တိုးမြှင့်ဝယ်ယူရန် ဩစတြေးလျ ကုမ္ပဏီအုပ်စု စီစဉ်

ဩစတြေးလျနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်မှုအပြင် ကမ္ဘောဒီးယား၏ ပို့ကုန်အခွင့်အလမ်းများကိုလည်း တိုးမြှင့်စေနိုင်မည်ဖြစ်သော ကမ္ဘောဒီးယား စံပယ်မွှေးဆန်များ ပိုမိုတင်သွင်းမည့် SunRice Group ၏ အစီအစဉ်အပေါ် ကမ္ဘောဒီးယား ဆန်စပါးလုပ်ငန်းရှင်များက အပြုသဘောရှုမြင်လျက်ရှိကြကြောင်း သိရှိရသည်။

မတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပသည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး၏ ပြင်ပ၌ ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်နှင့် သီးခြားတွေ့ဆုံမှုတစ်ရပ်တွင် SunRice ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Paul Serra က အဆိုပါ အစီအစဉ်ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျနိုင်ငံ၌ ထိပ်တန်းစားသောက်ကုန် တင်သွင်းသည့် ကုမ္ပဏီဖြစ်သည့် SunRice သည် အမေရိကန်၊ ဥရောပ၊ အာရှ-ပစိဖိတ်နှင့် အရှေ့အလယ်ပိုင်း နိုင်ငံများအပါအဝင် နေရာဒေသ အနှံ့အပြားသို့ ပို့ကုန်များ တင်ပို့လျက်ရှိသည်။

ကုမ္ပဏီ၏ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ ရွေးချယ်ထားသော ဒေသများမှ အာဟာရပြည့်ဝပြီး အရသာကောင်းမွန်သော ဆန်များကို ထောက်ပံ့ပေးရန် ဆန္ဒရှိကြောင်း၊ ၎င်းတို့၏ SunRice ကမ္ဘောဒီးယား စံပယ်ဆန်သည် သင်းပျံ့သည့်ရနံ့၊ နူးညံ့ပျော့ပျောင်းသော အရသာတို့ဖြင့် ကျော်ကြားမှုရှိကြောင်း၊ အဆိုပါ အကောင်းဆုံး ဆန်အမျိုးအစားတွင် ဆန်လုံးရှည်၊ လုံးသွယ်ဆန်နှင့် ဆန်မွှေးစသည့် အမျိုးအစားတို့ ပါဝင်ကြောင်းဖြင့် SunRice ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ Amru Rice ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Song Saran က ဆန်မွှေးအတွက် အဓိကအရေးပါသော ဩစတြေးလျဈေးကွက်သည် ကြီးထွားလာနိုင် သည့် အလားအလာရှိကြောင်း၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် SunRice မှ အမှုဆောင်အရာရှိတစ်ဦးတို့၏ တွေ့ဆုံမှုသည် ကမ္ဘောဒီးယား ဆန်မွှေး အမျိုးအစားများအတွက် အပြုသဘောဆောင်သော လက္ခဏာ တစ်ခုဖြစ်ကြောင်း၊ ဩစတြေးလျသည် ဆန်မွှေးအတွက် အဓိက ဈေးကွက်တစ်ခုဖြစ်ပြီး ပို့ကုန်တိုးချဲ့ရန်အတွက် ကြီးမားသည့် အခွင့်အလမ်းကောင်း တစ်ခုပေးလျက်ရှိကြောင်း၊ လာမည့် အစည်းအဝေးတွင် ဆန်မွှေးဝယ်ယူမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ SunRice နှင့် ဆွေးနွေးရန်ရှိကြောင်းဖြင့် Phnom Penh Post သို့ ပြောကြားခဲ့သည်။

ယခင်နှစ်တွင် Amru Rice ကုမ္ပဏီသည် ဩစတြေးလျ ဝယ်လက်များမှ မှာယူသော ဆန်မွှေးကွန်တိန်နာ ၁၀ လုံးအနက် နှစ်လုံးအား တင်ပို့ခဲ့သည်။ ထို့နောက် ၂၀၂၃ ခုနှစ် ဇွန်လ အစောပိုင်းတွင် စီးပွားရေးကြံ့ခိုင်စွာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘောဒီးယား-ဩစ တြေးလျ မိတ်ဖက်အဖွဲ့ (Cambodia Australia Partnership for Resilient Economic Development - CAPRED) သည် ကမ္ဘောဒီးယား စိုက်ပျိုးရေးဆိုင်ရာ လေ့လာရေးခရီးစဉ်ကို စီစဉ်ခဲ့သည်။

Amru Rice အနေဖြင့် ၎င်းလေ့လာရေးခရီးမှ ရရှိခဲ့သော အသိပညာ၊ အတွေ့အကြုံနှင့် အခွင့်အလမ်းများမှတစ်ဆင့် မဟာဗျူဟာနှင့် စီမံချက်ကို ရေးဆွဲခဲ့ကြောင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် မိမိနိုင်ငံ၊ မိမိကုမ္ပဏီနှင့် ကမ္ဘာ့စားနပ်ရိက္ခာစနစ်တို့ကို အကျိုးဖြစ်ထွန်းစေရေးအတွက် စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော စိုက်ပျိုးရေး အလေ့အကျင့်များ၏ စွမ်းဆောင်ရည်ကို မြှင့် တင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်းဖြင့် အဆိုပါကုမ္ပဏီက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (CRF) သည် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးအားဖြင့် ဒေါ်လာ ၄၆၆ သန်းရှိသော ကြိတ်ခွဲပြီးဆန် ၆၅၆၃၂၃ တန်အား ပြည်ပသို့ တင်ပို့ခဲ့ရာ ၂၀၂၂ ခုနှစ်၌ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၁၃ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၃ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင် ၆၃ ဦးက ပြည်ပနိုင်ငံပေါင်း ၆၁ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်း ဒေါ်လာ ၁ဒသမ၃၂ ဘီလီယံခန့် တန်ဖိုးရှိသော စပါးတန်ချိန် ၄၃၈၇၃၆၃ တန်ကိုလည်း တင်ပို့ခဲ့ပြီး ယခင်နှစ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၅၆ ဒသမ ၆၉ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၂၆ဒသမ ၅ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကမ္ဘောဒီးယား အကောက်ခွန်နှင့် ယစ်မျိုးဌာန၏ အချက်အလက်များအရ သိရသည်။

**Source: Phnom Penh Post**

**DPTM, DOCA**

# ၂၀၂၄ ခုနှစ် မေလအတွင်း ဆန်တန်ချိန် သုံးသိန်း တင်သွင်းနိုင်ရန် အင်ဒိုနီးရှား ကြိုးပမ်း

အင်ဒိုနီးရှားနိုင်ငံရှိ အစိုးရဝယ်ယူရေး အေဂျင်စီဖြစ်သော Bulog အဖွဲ့သည် ဆန်တန်ချိန် သုံးသိန်းကို အင်ဒိုနီးရှားဆိပ်ကမ်းသို့ ယခုနှစ် မေ ၃၁ ရက်အရောက် ဝယ်ယူတင်သွင်းနိုင်ရေး ကြိုးပမ်းလျက်ရှိ ကြောင်းသိရသည်။

Bulog အဖွဲ့သည် ဆန်တန်ချိန် သုံးသိန်း ဝယ်ယူမည့် နိုင်ငံတကာတင်ဒါအတွက် မတ် ၂၀ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်းပေးသွင်းရန် မတ် ၁၈ ရက်တွင် ဖိတ်ခေါ်ခဲ့သော်လည်း အသေးစိတ် အချက်အလက်များ ဖော်ပြခြင်းမရှိကြောင်း၊ တင်ဒါတွင်ပါဝင်ရန် ကုန်သည်များက စာရင်းပေးသွင်းပြီးမှသာ ရှင်းလင်းပြောဆိုမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ထားသည့် တင်ဒါယှဉ်ပြိုင်မည့်သူသည် မတ် ၂၅ရက်တွင် ဈေးနှုန်းကမ်းလှမ်းချက်ကို ပေးပို့မည်ဖြစ်ကြောင်း၊ တင်ဒါအပြီးသတ် ရွေးချယ်သည့် ဆုံးဖြတ်ချက်ကို မတ် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်း၌ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းခဲ့ပြီးနောက် ဈေးနှုန်းများ မြင့်တက်မှုကို လျှော့ချနိုင်ရန်အတွက် အင်ဒိုနီးရှား အစိုးရသည် နိုင်ငံတကာ ဆန်အဝယ်တင်ဒါများကို ဆက်တိုက် ခေါ်ယူလျက်ရှိသည်။ ယခင်နှစ် အယ်လ်နီညို ရာသီဥတု ဖြစ်စဉ်ကြောင့် မိုးရာသွန်းမှုနည်းပါးလျက် ဆန်စပါးထွက်ရှိမှု ကျဆင်းခဲ့ရာ ဆန်ဈေးနှုန်းများမှာ ၁၆ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပြီး ဈေးနှုန်းဖောင်းပွမှု ဖိအားများကို ကြုံတွေ့လာရခြင်းဖြစ်သည်။

အင်ဒိုနီးရှားအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယားတို့ထံမှ ဆန်ကွဲ ၅ရာခိုင်နှုန်း ပါဝင်သော ဆန်ဖြူများကို ဝယ်ယူရရှိရန် မျှော်လင့်ထားကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်ထွက် သီးနှံအား တင်ပို့ခြင်းမပြုမီ ခြောက်လအတွင်း ကြိတ်ခွဲထားသည့် ဆန်များဖြစ်ရန်လိုအပ်ကြောင်း၊ ၅၀ ကီလိုဂရမ်ဝင် အိတ်များဖြင့် ထုပ်ပိုးထားရှိရမည်ဖြစ်ကြောင်း၊ ဝမ်းပုံစနစ်ဖြင့် သင်္ဘောတင်ပို့မှုကို လိုလားသော်လည်း အချို့သော ဆိပ်ကမ်းများသို့ ဆိုက်ရောက် မည့်ဆန်များအား ကုန်သေတ္တာဖြင့် တင်ပို့ခြင်းကိုလည်း ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

နောက်ဆုံးအကြိမ် ဆန်တန်ချိန် သုံးသိန်းကို ဝယ်ယူခဲ့သော တင်ဒါအတွက် မတ် ၁ ရက်တွင် Bulog အဖွဲ့ကထုတ်ပြန်သော အစီရင်ခံစာအရ ဆန်ပမာဏ အများစုကို ထိုင်းနိုင်ငံထံမှ ဝယ်ယူခဲ့ပြီး ကျန်ပမာဏ အချို့အဝက်ကို ပါကစ္စတန်ထံမှ ရယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**Source: NASDAQ**

**DHTSN, DOCA**

# ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၁ သန်းအထိ ပိုမိုတင်သွင်းရဖွယ်ရှိ

ပြည်တွင်း၌ စပါးရိတ်သိမ်းထွက်ရှိမှု ကြီးမားစွာ လျော့နည်း ကျဆင်းဖွယ်ရှိသည့် အခြေအနေတွင် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ ဈေးကွက်၌ ဆန်အများဆုံး ဝယ်ယူသည့်နိုင်ငံအဖြစ် ဆက်လက် တည်ရှိပြီး ယခုနှစ်အစောပိုင်းတွင် ခန့်မှန်းထားသည့် ပမာဏ ထက်ပိုမို၍ ဆန်တင်သွင်းရနိုင်ကြောင်း သိရှိရသည်။

အမေရိကန် စိုက်ပျိုးရေးဦးစီးဌာန (USDA) ရှိပြည်ပစိုက် ပျိုးရေးဆိုင်ရာဝန်ဆောင်မှုဌာနက ဖိလစ်ပိုင်အနေဖြင့် ယခုနှစ် တွင် ဆန်မက်ထရစ်တန် ၃ ဒသမ ၉ သန်း တင်သွင်းရမည်ဟု ဖေဖော်ဝါရီလ၌ ခန့်မှန်းထားခဲ့ရာမှ ပြည်တွင်းထုတ်လုပ်မှုမှာ အနည်းငယ်မျှသာ ထွက်ရှိနိုင်သဖြင့် တန် နှစ်သိန်း ထပ်မံတိုးမြှင့် ပြီး တန်ချိန် ၄ဒသမ ၁ သန်းအထိ တင်သွင်းရနိုင်ကြောင်း ပြင်ဆင်ခန့်မှန်းခဲ့သည်။ ၎င်းပမာဏသည် ၂၀၂၃ ခုနှစ်တွင် တင်သွင်းခဲ့သော ဆန်တန်ချိန် ၃ဒသမ၆ သန်းအပေါ် ၁၄ ရာခိုင်နှုန်း ခန့် ပိုမိုမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ဝယ်လိုအား မြင့်မားခြင်းကြောင့် ကမ္ဘာ့ဆန်တင်သွင်းမှုသည် မက်ထရစ်တန် ၅၂ ဒသမ၃၈ သန်းမှ ၅၃ ဒသမ ၃ သန်းအထိ တိုးလာမည်ဟု USDA ဌာန၏ အစီရင်ခံချက်နှင့် နောက်ဆုံးခန့်မှန်းချက်မှာ ကိုက်ညီလျက်ရှိသည်။ ဖိလစ်ပိုင်၏နောက်တွင် အင်ဒိုနီးရှား၊ တရုတ်နှင့် ဥရောပသမဂ္ဂတို့သည် ကမ္ဘာ့ဆန်တင်သွင်းမှု အများ ဆုံးနိုင်ငံများအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းထား သည်။

ဖိလစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းဗျူရို (Bureau of Plant Industry) ၏ စာရင်းများအရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ၂လတွင် ဆန်မက်ထရစ်တန် ၇၂၈၂၅၄ ဒသမ ၄၉ တန်ကို တင် သွင်းခဲ့ကြောင်း၊ ယခင်နှစ်များနှင့်နည်းတူ ဗီယက်နမ်နိုင်ငံ ထံမှ ၃၉၀၉၉၇ ဒသမ ၂၂ တန်ဖြင့် အများဆုံး ဝယ်ယူခဲ့ခြင်းဖြစ် ကြောင်း သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း ဆန်တန် ချိန် ၂၀ ဒသမ ၀၆ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့ (PSA) ၏ အချက်အလက်များအရ သိရသည်။ အဆိုပါ ပမာဏ သည် ၂၀၂၁ ခုနှစ်တွင် စံချိန်တင်ထွက်ရှိသည့် ဆန်မက်ထရစ် တန်ချိန် ၁၉ ဒသမ၉၆ သန်းကို ကျော်လွန်ခဲ့သည်။ Central Luzon ဒေသသည် ဆန်တန်ချိန် ၃ ဒသမ ၆၄ သန်း သို့မဟုတ် ၁၈ ဒသမ ၁ ရာခိုင် နှုန်းပါဝင်မှုဖြင့် ဆန်စပါးဦးဆောင်ထုတ်လုပ်ခဲ့ ပြီး ၎င်း၏နောက်တွင် Cagayan Valley နှင့် Western Visayas ဒေသများသည် ဆန်တန်ချိန် ၃ဒသမ ၀၃ သန်းနှင့် တန်ချိန် ၂ဒသမ ၂၆ သန်း အသီးသီး ထုတ်လုပ်မှုရှိခဲ့ကြသည်။

PSA ကိန်းဂဏန်းများကို အခြေခံတွက်ချက်မှုအရ ဖိလစ် ပိုင်နိုင်ငံ၏ ဆန်ဖူလုံမှုအဆင့်သည် ၂၀၂၁ ခုနှစ်တွင် ၈၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၇၇ရာခိုင်နှုန်းသို့ ကျဆင်း ခဲ့ကြောင်း၊ ဖိလစ်ပိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၂၈ ခုနှစ် တွင် ဆန်ဖူလုံမှုကို ၉၇ ရာခိုင်နှုန်းအထိ ရရှိရန် ရည်မှန်းလျက် ဆန်စပါး လုပ်ငန်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ သည်။

**Source: Philippine Daily Inquirer**

**DHTSN, DOCA**

# ဒူဘိုင်းတွင် လွတ်လပ်သော စီးပွားရေးဇုန်များ ဆွေးနွေးပွဲပြုလုပ်

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ရှိ လွတ်လပ်စွာ ကုန်သွယ်နိုင်သော စီးပွားရေးဇုန်များကောင်စီ (DFZC) ၏ (၂၆) ကြိမ်မြောက် ကောင်စီအစည်းအဝေးတွင် ဒူဘိုင်း၏ စီးပွားရေးအား နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် DFZC၏ ဦးဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးမည့် စွမ်းဆောင်ရည် ညွှန်းကိန်းများကို ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း အတည်ပြု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း အဆိုပါ လွတ်လပ် သာ စီးပွားရေးဇုန်များသည် ဒူဘိုင်းအား ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုအရှိဆုံးနေရာများထဲမှ တစ်ခုဖြစ်လာစေရန် ပံ့ပိုးပေးခဲ့ပြီး လွတ်လပ်သော စီးပွားရေးဇုန်များ မော်ဒယ် ၂၀၃၀ (Free Zones Model 2030) ကို ဖော်ထုတ်၍ မြှင့်တင်ရန် လုပ်ဆောင်နေကြောင်း၊ လာမည့် ၁၀ နှစ်အတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ပေးခြင်း၊ ကုမ္ပဏီများ တည်ထောင်ခြင်း၊ တိုးချဲ့ခြင်းနှင့် တိုးတက်လာမှုတို့ကို ပံ့ပိုးပေးခြင်းဖြင့် ဒူဘိုင်း၏ စီးပွားရေးပမာဏကို နှစ်ဆတိုးစေရန် ရည်ရွယ်သည့် ဒူဘိုင်းစီးပွားရေးအစီအစဉ် D33 ၏ ရည်မှန်းချက်များကို ပံ့ပိုးပေးလျက်ရှိကြောင်း ကောင်စီ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဒူဘိုင်း၏ဦးဆောင်မှုကို အခွင့်အလမ်းတစ်ရပ်အဖြစ်မြှင့်တင်ရန်နှင့် ဆန်းသစ်သောစိတ်ကူးစိတ်သန်းများနှင့် အောင်မြင်မှု ဂုဏ်သတင်းများကို လှုံ့ဆော်ပေးရန်အတွက် ကမ္ဘာ့စီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန် ဒူဘိုင်း၏ လွတ်လပ်သောဇုန်များ မော်ဒယ်ကို ဆက်လက်ဖော်ဆောင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ကောင်စီအဖွဲ့ဝင်များမှ ဒူဘိုင်း၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် စီးပွားရေး အောင်မြင်မှုကို တွန်းအားပေးရန်အတွက် DFZC မှ ဆောင်ရွက်ခဲ့သည့် လွတ်လပ်သော စီးပွားရေးဇုန်များမော်ဒယ် ၂၀၃၀ ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

DFZC သည် လွတ်လပ်သော စီးပွားရေးဇုန်များရှိ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအား အချိန်နှင့်တစ်ပြေးညီ အချက်အလက်များအားပေးဆောင်မည့် ယန္တရားတစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ လုံခြုံ စိတ်ချရမှုနှင့် သင့်လျော်သော စီမံခန့်ခွဲမှုကိုအာမခံစေပြီး ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းကိုအရှိန်မြှင့်ဆောင်ရွက်သွားရန်ကိုလည်း အတည်ပြုခဲ့သည်။

လွတ်လပ်သော ဇုန်များတွင် စီးပွားရေး လုပ်ဆောင်မှုများ၏ စွမ်းဆောင်နိုင်မှုကို တစ်မဟုတ်ချင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိုးထွင်းသိမြင်နိုင်စေရန်အတွက် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်းနှင့် စီးပွားရေးစွမ်းဆောင်ရည် စောင့်ကြည့်ခြင်းများမှတစ်ဆင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု၏ ထိရောက်မှုအပေါ် မြှင့်တင်ပေးလျက်ရှိသည်။

အဆိုပါကောင်စီသည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အရောင်းအဝယ်လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေမည့် ဥပဒေမူကြမ်းတစ်ခု၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ဒူဘိုင်း၏ စီးပွားရေးကို ဆွဲဆောင်မှုအားကောင်းစေရန် အရည်အချင်းရှိသူများ၊ စွန့်ဦးတီထွင် လုပ်ငန်းများ၊ SMEလုပ်ငန်းများနှင့် နိုင်ငံတကာစီးပွားရေး လုပ်ငန်းတို့အတွက် လိုက်လျောညီထွေမှုရှိသော ယဉ်ကျေးမှုတစ်ရပ်ကို ဖန်တီးရန်နှင့် အကောင်းဆုံးစံနှုန်းများကို ကျင့်သုံးရန်အတွက် ဒူဘိုင်းလွတ်လပ်သော စီးပွားရေးဇုန်များ၏ အခန်းကဏ္ဍကို အားကောင်းစေသော ဘဏ္ဍာရေးဆိုင်ရာလှုပ်ရှားမှုအဖွဲ့ (FATF) ၏ ဆက်စပ်သောစွမ်းဆောင်ရည်နှင့် ရလဒ်များအပေါ်တွင်လည်း ဆွေးနွေးခဲ့ကြသည်။

ကောင်စီသည် အထူးပြုကော်မတီများနှင့် ဒူဘိုင်းလိုင်စင်၊ လွတ်လပ်သော စီးပွားရေးဇုန်များ၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ၊ စောင့်ကြည့်လေ့လာခြင်းများအပါအဝင် ကောင်စီ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ခဲ့သော ၂၀၂၃ ခုနှစ် စီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံချက်များအား ပြန်လည်သုံးသပ်ခဲ့သည်။ စွမ်းအင်လိုအပ်ချက်၊ ငွေကြေးခဝါချမှုကို တုံ့ပြန်ခြင်းနှင့် လွတ်လပ်သော စီးပွားရေးဇုန်များရှိ ဝန်ဆောင်မှုများအား အမည်သတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများတို့ကို လွတ်လပ်သော စီးပွားရေးဇုန် အာဏာပိုင်များနှင့် ဇုန်တစ်ခုစီရှိ ကုမ္ပဏီများအတွက် ကော်ပိုရိတ်အခွန် စည်းကြပ်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေးမှုများအပါအဝင် အခြားစီမံကိန်းများ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဒူဘိုင်း၏ လွတ်လပ်သောစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်လျက်ရှိသည့် ဘဏ္ဍာငွေများနှင့် ဆောင်ရွက်ပေးခဲ့သည့် ဘဏ္ဍာရေးအခြေအနေတို့ကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြသည်။

**Source: emirates247.com**

**Nanda Soe Myint**

**(Economic Counsellor Dubai)**

# AD,uferEdf UPCOM pawvmbps;uGf

UPCOM Market သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းစတော့အိပ်ချိန်းတွင် ဆောင်ရွက်နေသည့် Junior Secondary Market တစ်ခုဖြစ်သည်။ စတော့အိပ်ချိန်း၏ ပထမဈေးကွက် (Main Board) သို့ ဝင်ရောက်ရန် အဆင်သင့်မဖြစ်သေးသည့် ကုမ္ပဏီများအတွက်ရည်ရွယ်ကာ တည်ထောင်ထားသည့် ဈေးကွက်ဖြစ်သည်။ အဆိုပါဈေးကွက်ကို ၂၀၀၉ ခု ဇွန်လ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဗီယက်နမ်အစိုးရမှ ထုတ်ပြန်ထားသည့် ဒီကရီအရ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံပါက UPCOM Market သို့ မဖြစ်မနေ ဝင်ရောက်ရသည်။ ဤဈေးကွက်သည် ကုမ္ပဏီများအတွက် သတင်းအချက်အလက် ဖွင့်ဟကြေညာမှု (Disclosure)၊ စာရင်းစစ် စာရင်းကိုင်စံများ ကိုက်ညီစေမှုနှင့် ကောင်းမွန်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှု စနစ်များကို ဆောင်ရွက်ရန် အခြေခံကောင်းများ ဖော်ဆောင်ပေးသည့် ဈေးကွက်တစ်ခုဖြစ်သည်။

အထူးသဖြင့် အလားအလာ ကောင်းမွန်ပြီး အကျိုးအမြတ်ကောင်းမွန်သည့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများသည် UPCOM Market သို့ ဝင်ရောက်ကြသည်။ UPCOM ဈေးကွက်သို့ ဝင်ရောက်ပြီးနောက်ပိုင်း စတော့အိပ်ချိန်း၏ Mainboard မှ သတ်မှတ်ထားသည့် အရည်အချင်းများပြည့်စုံလျှင် Mainboard သို့ အဆင့်တက်နိုင်သည်။ သို့သော် ဤသို့ အဆင့်မြှင့်တင်ခြင်းမှာ ကုမ္ပဏီနှင့် ရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်အရသာဖြစ်ပြီး မပြောင်းမနေရမဟုတ်ပါ။ သို့သော်လည်း နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအနေနှင့် အများပြည်သူသို့ ရှယ်ယာကမ်းလှမ်းရောင်းချခြင်း (IPO ပြုလုပ်ခြင်း) နှင့် UPCOM တွင် စာရင်းဝင်ခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်သည်။

အဆိုပါ ဈေးကွက်သို့ ဝင်ရောက်နိုင်မည့် စာရင်းဝင်စံ (Listing Criteria)မှာ စတော့အိပ်ချိန်း၏ Mainboard မှ သတ်မှတ်ထားသည့် စံများထက်ပိုမိုပျော့ပျောင်းပြီး စာရင်းဝင်ကြေး (Listing Fees)မှာလည်း ပိုမိုသက်သာသည်။ UPCOM သို့စာရင်းဝင်ရန် လိုအပ်ချက်များမှာ-

(က) အနည်းဆုံး ထည့်ဝင်ပြီးမတည်ငွေရင် ဗီယက်နမ်ဒေါင် ၁၀ ဘီလီယံ (Approx. USD 430,000) ရှိရမည်၊

(ခ) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီဖြစ်ပြီး ရှယ်ယာရှင် အနည်းဆုံး ၁၀၀ ရှိရမည်၊

(ဂ) ဗီယက်နမ် Securities Depository ဌာနတွင် ရှယ်ယာများ အပ်နှံပြီးဖြစ်ရမည်၊

(ဃ) စဉ်ဆက်မပြတ် ရပ်တည်လာမှုနှင့် အမြတ်ရရှိမှု အခြေအနေများ၊ ဝင်ငွေရရှိမှုနှုန်းထားများကို တင်ပြရန် မလိုပါ။

UPCOM ဈေးကွက်သည်စတော့အိပ်ချိန်း Mainboard ကဲ့သို့ပင် real-time trading စနစ်ကျင့်သုံးပြီး စာရင်းရှင်းလင်းရေးစနစ်မှာ (T+2)ဖြစ်သည်။ စတော့အိပ်ချိန်းကဲ့သို့ပင် ဈေးနှုန်းဦးစားပေးစနစ်၊ အချိန်ဦးစားပေးစနစ်များကို ကျင့်သုံးသော်လည်း ဈေးကွက်အမှာလွှာ (Market Order) ကို လက်ခံခြင်း မရှိပါ။

UPCOM ဈေးကွက်ထူထောင်ရေးအတွက် ဗီယက်နမ်ကွန်ဂရက်မှ Law on Securities 70/2006 ကို ထုတ်ပြန်ခဲ့ပြီး အစိုးရအဖွဲ့နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း ၂၀၁၂ ခုနှစ်တွင် လိုအပ်သည့် အမိန့်ဒီကရီများ ထုတ်ပြန်ခဲ့သည်။ UPCOM ဈေးကွက်ရှိခြင်းကြောင့် စတော့အိပ်ချိန်း Mainboard တွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများမှ စည်းကမ်းနှင့်ညီညွတ်မှု မရှိသော၊ ရောင်းဝယ်မှုပမာဏ လျော့ကျသွားသော ကုမ္ပဏီများအား UPCOM ဈေးကွက်သို့ အဆင့်လျှော့ချနိုင်သည့် အခွင့်အလမ်းများ ရရှိသွားသည်။ ထို့အပြင် အခြားကုမ္ပဏီများကို ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်း (M&A) ပြုလုပ်လိုသည့် စာရင်းဝင်ကုမ္ပဏီ များယာယီရောင်းဝယ်နိုင်သည့် နေရာတစ်ခုအဖြစ်လည်းကောင်း၊ မိမိသဘောဖြင့် UPCOM သို့ အဆင့်လျှော့ချလိုသည့် ကုမ္ပဏီများအတွက်လည်း အခွင့်အရေးတစ်ခုကို ရရှိစေသည်။

UPCOM ဈေးကွက်သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOE) များအား ဖွဲ့စည်းမှုပုံသဏ္ဍာန် ပြောင်းလဲပြီး စတော့ဈေးကွက်သို့ ဝင်ရောက်ရေးအတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။ ထို့သို့နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ စတော့ဈေးကွက်သို့ ဝင်ရောက်ခြင်းကြောင့် နိုင်ငံတော်မှ ကျခံနေရသည့် ဘတ်ဂျက်ဝန်ထုပ်ဝန်ပိုးများ သက်သာသွားခြင်း၊ SOE များ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်များ ပိုမိုကောင်းမွန်လာစေခြင်းနှင့် ဈေးကွက်တွင်ငွေဖြစ်လွယ်မှုနှင့် ဈေးကွက်ထိုးဖောက်ဝင်ရောက်မှု ပိုမိုကောင်းမွန်လာစေခြင်း စသည့် အခွင့်အရေးများကို ရရှိစေမည်ဖြစ်သည်။ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများသည် UPCOM သို့ မဝင်ရောက်ဘဲ ဟိုချီမင်း စတော့အိပ်ချိန်းနှင့် ဟန္နိုင်းစတော့အိပ်ချိန်းများ၏ Mainboard သို့ တိုက်ရိုက်ဝင်ရောက်လိုပါကလည်း သတ်မှတ်ချက်များ ပြည့်ပါက ဝင်ရောက်နိုင်သည်။

UPCOM သို့ ဝင်ရောက်လိုသည့်ကုမ္ပဏီများသည် ၂၀၁၅ ခု ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဆာကျူလာ 180/2015 အရ အောက်ဖော်ပြပါ အထောက်အထားများကို တင်ပြရန်လိုအပ်ပါသည်။

(က) စာရင်းဝင်လျှောက်လွှာ

(ခ) လုပ်ငန်းအလားအလာညွှန်းတမ်း (အကျဉ်းချုပ်)

(ဂ) ပြီးခဲ့သည့်တစ်နှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးအစီရင်ခံစာ

(ဃ) စာရင်းစစ်ဆေးပြီး အီကွစ်တီပြောင်းလဲမှု အစီရင်ခံစာ

(င) ဗီယက်နမ် Securities Depository ဌာနသို့ ရှယ်ယာများ အပ်နှံပြီးကြောင်း လက်မှတ်နှင့်

(စ) ကုမ္ပဏီတည်ထောင်သည့် လက်မှတ်တို့ဖြစ်သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှတ်၍ အောက်ဖော်ပြပါဇယားတွင်ပါရှိသည့်အတိုင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ကုမ္ပဏီများသည် UPCOM ဈေးကွက်သို့ ဝင်ရောက်ကြရမည်ဖြစ်သည်။

## ထွန်းသက်ထွန်း

| သတ်မှတ်ချက်များ | နောက်ဆုံးဝင်ရောက်ရမည့်နေ့ |
|---|---|
| စာရင်းမဝင်ရသေးသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ | နိုင်ငံတော်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အများပိုင်ကုမ္ပဏီဟု သတ်မှတ်ပြီး ရက်(၃၀)အတွင်း |
| Main Board စာရင်းဝင်အဖြစ်မှ ရပ်တန့်သည့် ကုမ္ပဏီများ | စာရင်းဝင်အဖြစ်မှ ပယ်ဖျက်ပြီး (၁၀)ရက်အတွင်း |
| စတော့အိပ်ချိန်းတွင် စာရင်းမဝင်ဘဲ အများပြည်သူသို့ IPO ပြုလုပ်သည့် ကုမ္ပဏီများ | IPO ပြုလုပ်ပြီး ရက်ပေါင်း (၃၀) အတွင်း |
| ကုမ္ပဏီများပေါင်းစည်းခြင်း (Merger)ပြုလုပ်ခြင်းနှင့် ခွဲထုတ်ခြင်း | ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ပြန်လည်ရရှိပြီး (၆)လအတွင်း |

UPCOM စတင်တည်ထောင်သည့် ၂၀၀၉ ခုနှစ်က စာရင်းဝင် ကုမ္ပဏီ ၄ ခုနှင့် စတင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် မတ်လတွင် ကုမ္ပဏီပေါင်း ၈၆၀ ခုရှိသည်။ တစ်ရက် ပျမ်းမျှ ဗီယက်နမ်ဒေါင် ဘီလီယံ ၆၆၀ ခန့် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ ဈေးကွက်တည်ငြိမ်မှု ရှိစေရေးနှင့် မသမာသည့်ရောင်းဝယ်မှုများကို ကာကွယ်ရေး၊ အများပြည်သူများ ပိုမိုယုံကြည်စိတ်ချမှု ရှိစေရေးအတွက် ဗီယက်နမ် ဘဏ္ဍာရေးဝန်ကြီးဌာနသည် 115/2017 ဆာကျူလာကိုထုတ်ပြန်ကာ UPCOM ဈေးကွက်ထောက်လှမ်းရေးနှင့်သက်ဆိုင်သည့် လမ်းညွှန်မှု (Guideline) များကို ချမှတ်ပေးခဲ့သည်။

ယခုအခါ UPCOM ဈေးကွက်ရှိဗီယက်နမ်ကုမ္ပဏီအတော်များများသည် စာရင်းစစ်စာရင်းကိုင်စံများ ကောင်းမွန်မှု၊ အစီရင်ခံစာများ ကောင်းမွန်မှုနှင့် ပွင့်လင်းမြင်သာမှုများကြောင့် ၂၀၁၈ ခုနှစ်အတွက် Vietnam Listed Companies Award ကို ရရှိခဲ့သည်။ ဗီယက်နမ်စတော့ဈေးကွက် ပိုမိုအောင်မြင်ရေးအတွက် သတင်းအချက်အလက် ဖွင့်ကြေညာချက်နှင့် သက်ဆိုင်သည့် ဆီမီနာများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**Reference : Investment Guide Book**

# ယူအေအီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကြက်သွန်နီတင်ပို့မှု အိန္ဒိယခွင့်ပြု


အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမျိုးသားသမဝါယမတင်ပို့မှုလီမိတက် (NCEL) မှတစ်ဆင့် ကြက်သွန်နီအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၀၀၀ နှင့် ယူအေအီးသို့ တန်ချိန် ၁၄၄၀၀၊ စုစုပေါင်း တန်ချိန် ၆၄၄၀၀ တင်ပို့ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ပို့ကုန်/ သွင်းကုန် လုပ်ထုံးလုပ်နည်းများသတ်မှတ်ရန် တာဝန်ရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သည့် နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT)က ယူအေအီးနိုင်ငံသို့ ကြက်သွန်နီ သုံးလတစ်ကြိမ်ဖြင့် အများဆုံးတန်ချိန် ၃၆၀၀ ထိ၊ စုစုပေါင်း တန်ချိန် ၁၄၄၀၀ တင်ပို့မှုကို အမျိုးသားသမဝါယမတင်ပို့မှုလီမိတက် (NCEL) မှတစ်ဆင့် ခွင့်ပြုထားသည်ဟု UAE နိုင်ငံသို့ အကြောင်းကြားထားကြောင်း အသေးစိတ်ဖော်ပြခဲ့သည်။ အိန္ဒိယသည် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်ရည်ရွယ်၍ ကြက်သွန်နီတင်ပို့မှုကို ယေဘုယျအားဖြင့် တားမြစ်ထားသော်လည်း အစိုးရက ယင်းနိုင်ငံများ၏ တောင်းဆိုချက်အပေါ် ခြင်းချက်ဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် နည်းလမ်းများကို အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဦးစီးဌာနနှင့် ညှိနှိုင်းပြီး NCEL မှ ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွက် ကြက်သွန်နီ လုံလောက်မှုရှိစေရန်နှင့် ဈေးနှုန်းထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ အိန္ဒိယအစိုးရက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၈ ရက်မှ ယခုနှစ် မတ် ၃၁ ရက်အထိ တင်ပို့မှု ပိတ်ပင်ထားပြီးနောက် ဧပြီ ၁ ရက်မှစပြီး ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မျိုးမြင့်မောင်**

**Source: ndtvprofit.com**










**Contact Us : 09952271827 / 09952271837 / 09954480999**

超浪

# Asia Hline Kyaw Family Company Ltd.

NO.(D2A), Industry (1), Between (62) and Park Street, (C) Quarter, Pyigyitagon Twonship,

Mandalay Region, Myanmar. E-mail : asiahlinekyaw7@gmail.com



- Muse - AA-22 (105) Mile, Trade Zone, Muse. Ph : 082-55520, 09-5230709
- China - No.(139), Huafeng Road, Ruili City, Dehong, Yunnan Province, China.

  Tel : (+86) 692-4150345, Hp:(+86) 13908827045

# COMMERCE INTERNATIONAL

# တစ်နှစ်လျှင် မော်တော်ကား အစီးရေ တစ်သန်း ရောင်းချနိုင်ရန် နစ်ဆန်း မျှော်မှန်း



ဂျပန်နိုင်ငံအခြေစိုက် မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် Nissan က လာမည့် ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၎င်းတို့ထုတ်လုပ်သည့် မော်တော်ကားများကို တစ်နှစ်လျှင် အစီးရေ တစ်သန်းအထိ တိုးမြှင့်ရောင်းချသွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Nissan သည် ကားမော်ဒယ် အမျိုးအစားသစ် ၃၀ အထိ ထုတ်လုပ်ရောင်းချကာ ကမ္ဘာတစ်ဝန်းတွင် Nissan ကား ရောင်းချရမှုကို လာမည့် ၂၀၂၅ ခုနှစ်မှစတင်ပြီး တစ်နှစ်လျှင် မော်တော်ကား အစီးရေ တစ်သန်းအထိ တိုးတက်လာရန် မျှော်မှန်းထားသည်ဟု အဆိုပါကုမ္ပဏီမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

Nissan သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ကမ္ဘာ့ကားဈေးကွက်တွင် စုစုပေါင်း မော်တော်ကားအစီးရေ ၈၉၈၇၉၆ စီး ရောင်းချနိုင်ခဲ့ရာ ယင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၇၇၂ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် အခြေစိုက်ထားသည့် မော်တော်ကားလုပ်ငန်းများသည် လျှပ်စစ်ကား၊ စွမ်းအင်နှစ်မျိုး အသုံးပြု၍ရသည့် Hybrids ကားများ အပါအဝင် မော်တော်ကားထုတ်လုပ်မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို လျှပ်စစ်စွမ်းအင်သို့ပြောင်းရန် ရည်ရွယ်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ လျှပ်စစ်ကား ကဏ္ဍမှာ ပြိုင်ဆိုင်မှု ပြင်းထန်နေခြင်းကြောင့် Nissan သည်လည်း Hondaနှင့် ပူးပေါင်းလက်တွဲသွားရန် စဉ်းစားနေကြောင်း သိရသည်။

**Source; statista.com**

## RCEP စာချုပ်ကြောင့် အာဆီယံနှင့် တရုတ်တို့အကြား ကုန်သွယ်မှု တိုးတက်လာ

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ် အသက်ဝင်ပြီးနောက်ပိုင်းတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏမှာ ယွမ် ၆ ဒသမ ၄၁ ထရီလီယံအထိ ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ မတ် ၂၇ ရက် သတင်းဖော်ပြချက်အရ သိရသည်။

RCEP သဘောတူစာချုပ်သည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန် စသည့် နိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်တစ်ခုဖြစ်ကြောင်း၊ ယင်း RCEP သဘောတူစာချုပ်တွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာများ ပူးပေါင်းဆောင်ရွက်မှု၊ အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေး၊ မူပိုင်ခွင့်၊ အစိုးရဝယ်ယူမှု၊ ယှဉ်ပြိုင်မှု၊ အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းအသစ်များလည်း ပါဝင်သည်။

တရုတ်နိုင်ငံနှင့် RCEP အဖွဲ့ဝင်နိုင်ငံများအကြား စုစုပေါင်း ကုန်သွယ်မှုပမာဏသည် သဘောတူစာချုပ် အသက်မဝင်မီ ကာလဖြစ်သည့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၃ ခုနှစ်တွင် ယွမ် ၁၂ ဒသမ ၆ ထရီလီယံဖြစ်ခြင်းကြောင့် ၅ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယွမ် ၆ ဒသမ ၄၁ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

RCEP သဘောတူစာချုပ်သည် ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံ နိုင်ငံစုံကုန်သွယ်ရေးစနစ်တစ်ခုဖြစ်သည်။ ထို့ပြင် RCEP သည် ဒေသတွင်း ကုန်သွယ်မှု အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်ပြီး စီးပွားရေး ပြန်လည်ထူထောင်မှုကိုလည်း အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။






## တရုတ်နိုင်ငံက ပြည်ပ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးနေ

တရုတ်နိုင်ငံအနေဖြင့် ပြည်ပစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများစွာကို ဖန်တီးပေးလျက် ရှိနေခြင်းကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်က မတ် ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် အရည်အသွေးမြင့် ကုန်ထုတ်များထုတ်လုပ်မှု အင်အားစုအသစ်များကို လုပ်ဆောင်ခြင်းနှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ခြင်းအပေါ် အစိုးရပိုင်းက အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းက တရုတ်ပြည်တွင်းနှင့် ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသော အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေး လျင်မြန်စွာ ပြန်လည်နာလန်ထူနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း တရုတ်နိုင်ငံက အားကောင်းမောင်းသန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

မိမိတို့နိုင်ငံအနေဖြင့် အရည်အသွေး မြင့်မားသည့် ကုန်ထုတ်လုပ်မှု တိုးတက်လာစေရန် မြှင့်တင်ရေး၊ နည်းပညာဆန်းသစ်မှုဖြင့် စက်မှုလုပ်ငန်း တီထွင်ဆန်းသစ်မှုကိုပါ လိုက်ပါတိုးမြှင့်ရေး၊ သမားရိုးကျ စက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်နှင့် ထွန်းသစ်စ စက်မှုလုပ်ငန်းများကို အားပေးရေးအတွက်လည်း ခိုင်မာစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင် အကြီးအကဲ Zheng Shanjie က ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးပတ်ဝန်းကျင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ပိုမိုမြင့်မားသော တံခါးဖွင့်ဝါဒ လိုက်နာကျင့်သုံးရေး၊ နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရေးနှင့် ယခု ၂၀၂၄ ခုနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်စာရင်းများ ဖော်ထုတ်မှု အရှိန်မြှင့်တင်ရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း Zheng Shanjie က ဆက်လက်ပြောဆိုခဲ့သည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်